စိတ်ကူးချိုချိုအနုပညာ

# အမုန်းများ
# ငြိမ်းစေသတည်း
## နှင့်
## ပညာတော်သင်ကာလနေ့ရက်များ



အောင်နှင်း

mgyoe.com

ထွန်းဖောင်ဒေးရှင်းစာပေဆုပြိုင်ပွဲ ဆုရစာမူ

mgyoe.com





# အမုန်းများ ငြိမ်းစေသတည်း

နှင့်

## ပညာတော်သင်ကာလနေ့ရက်များ

အောင်နှင်း



nw0058

1800.00 Ks

mgyoe.com

အမုန်းများငြိမ်းစေသတည်းနှင့် ပညာတော်သင်ကာလနေ့ရက်များ။ အောင်နှင်း
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၄၀ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၆၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အမုန်းများငြိမ်းစေသတည်းနှင့် ပညာတော်သင်ကာလနေ့ရက်များ

ထွန်းဖောင်ဒေးရှင်းစာမူဆုပြိုင်ပွဲ ဆုရ

အောင်နှင်း

mgyoe.com

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| | – စာရေးသူ၏ အမှာစာ | ခ |
| | – စာရေးသူ၏ ဝန်ခံချက် | ဃ |
| ၁။ | ခဏတော့ခွဲရဦးမယ် မြန်မာ | ၁ |
| ၂။ | ဆိုးလ်မြေသို့ ဒုတိယတစ်ခေါက် | ၅ |
| ၃။ | လက်ညှိုး ... တို့ ... ထိရာ | ၁၂ |
| ၄။ | ပွဲဦးထွက် အလွဲ | ၁၈ |
| ၅။ | မှတ်သားဖွယ် စကားတစ်ခွန်း | ၂၅ |
| ၆။ | ဂန်းနန်းဆေးရုံ အတွေ့အကြုံ | ၃၄ |
| ၇။ | ဆင်းရဲတဲ့ တိုင်းပြည်ကပါ | ၄၉ |
| ၈။ | သူရယ်၊ သူမရယ်၊ ကျွန်တော်ရယ် | ၅၆ |
| ၉။ | ချယ်ရီနဲ့လှတဲ့ ဂေယုံ | ၆၆ |
| ၁၀။ | သူငယ်ချင်းများထံမှ လက်ခုပ်သံ | ၇၄ |
| ၁၁။ | ၁၉၈၃၊ အာဇာနည်ဗိမာန်နှင့် တောင်ကိုရီးယားသမ္မတ | ၈၂ |
| ၁၂။ | စက္ကန့်ပိုင်းသရုပ်ဆောင် ကျွန်တော် | ၈၉ |
| ၁၃။ | စစ်မဲ့ဇုန်သို့ တစ်ခေါက် | ၉၅ |
| ၁၄။ | အမုန်းများငြိမ်းစေသတည်း | ၁၀၆ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၅။ | မုဒိတာပွားဖွယ်သတင်း | ၁၁၄ |
| ၁၆။ | ဆေဂျုံးအစိုးရအဆောက်အအုံကို မြင်ရင် | ၁၁၉ |
| ၁၇။ | ကျွန်တော် ယားပြန် | ၁၂၉ |
| | – စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ | ၁၃၉ |


■

mgyoe.com

mgyoe.com



မွေးဖွားပေးသော မိခင်နှင့်ဖခင်...
သင်ကြားပေးသော ဆရာသမားများနှင့်
မွန်မြတ်သောဆန္ဒများကို အနီးကပ်ဖြည့်ဆည်းပံ့ပိုးသော ဇနီးသို့ ...

mgyoe.com

mgyoe.com



## စာရေးသူ၏ အမှာစာ

ဤစာအုပ်သည် စာရေးသူအတွက် လုံးချင်းအဖြစ် ပထမဆုံးရေးသားသည့် စာပေပြိုင်ပွဲဝင် စာမူဖြစ်သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် တောင်ကိုရီးယားနိုင်ငံ၊ KDI School of Public Policy and Management သို့ ပညာတော်သင်အဖြစ်သွားရောက်ခဲ့သည်မှစ၍ ပညာတော်သင်ကာလတစ်လျှောက်ကြုံတွေ့ရသည့် ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်အကြောင်းအရာများကို နေ့ရက်များအလိုက် အမှတ်အသားပြု၍ ရေးသားထားသော ဆောင်းပါးပေါင်း (၁၇) ပုဒ်ပါဝင်သည့်စာမူဖြစ်ပါသည်။ ပညာသင်ကာလအတွင်း တောင်ကိုရီးယားနိုင်ငံနှင့် မြောက်ကိုရီးယား နိုင်ငံ နယ်နိမိတ်အကြားရှိ စစ်မဲ့ဇုန်သို့ လေ့လာရေးခရီးသွားရောက်ခွင့်ရခဲ့သည့်အတွက် ထိုခရီးစဉ်အတွင်း နှစ်နိုင်ငံပြည်သူတို့ ပြန်လည်ပေါင်းစည်း စေလိုသော စေတနာဖြစ်ပေါ်ခံစားခဲ့ရပြီး ထိုခရီးမှအပြန်တွင် အမုန်းများငြိမ်းစေသတည်းဟူ၍ ဆုတောင်းဆန္ဒပြုခဲ့မိပါသည်။ စာရေးသူ ပညာသင်ခွင့်ရသော ကိုရီးယားမြေတွင်သာမက ကမ္ဘာတစ်ဝန်းတွင်ပါ အမုန်းများကင်းစင်ပြီးငြိမ်းချမ်းရေးရရှိစေရန်၊ စစ်ပွဲများကင်းရှင်းစေရန်အတွက် ပညာကိုအခြေခံပြီး မျိုးဆက်သစ်လူငယ်များ ဆက်လက်ဆောင်ရွက်စေလိုသော ရည်ရွယ်ချက်ဖြင့် စာမူအမည်အား အမုန်းများငြိမ်းစေသတည်းနှင့် ပညာတော်သင်ကာလနေ့ရက်များဟူ၍အမည်ပေးခဲ့ခြင်းဖြစ်ပါသည်။ ပညာတော်သင်

mgyoe.com

mgyoe.com



အတွေ့အကြုံများကို ဖတ်ရှုအားကျပြီး နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ပညာဖြင့် အလုပ်အကျွေးပြုလိုသော လူငယ်များပေါ်ထွက်လာစေရန် ရည်သန်၍ ဤစာမူအား ထွန်းဖောင်ဒေးရှင်း စာပေဆုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။ အတွေ့အကြုံများအားရေးသားရာတွင် ဖတ်ရှုရပြေပြစ်သွက်လက်စေရန်အတွက် စကားပြောဟန်ဖြင့် ဆောင်းပါးများအား ရေးသားထားပါသည်။ ပညာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် ဤစာမူသည် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ စာမူရေးသားနိုင်ရေးအတွက် အနီးကပ်ပံ့ပိုးမှုပြုပေးသော မိသားစုဝင်များနှင့် ဇနီးဖြစ်သူအားလည်းကောင်း၊ ပြိုင်ပွဲစီစဉ်ကျင်းပပေးသော ထွန်းဖောင်ဒေးရှင်းအား လည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

စာဖတ်သူများအား လေးစားလျက်
အောင်နှင်း
၁၈. ၉.၂၀၁၅

■

mgyoe.com

mgyoe.com



## စာရေးသူ၏ ဝန်ခံချက်

ဒသမအကြိမ် ထွန်းဖောင်းဒေးရှင်းစာပေဆုပြိုင်ပွဲအတွက် ကျွန်တော်ဝင်ရောက်ယှဉ်ပြိုင်သော ဤအမုန်းများငြိမ်းစေသတည်းနှင့် ပညာတော်သင်ကာလနေ့ရက်များ အမည်ရှိစာမူကို ကျွန်တော်ကိုယ်တိုင် ရေးသားပါသည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်သော ပြည်ပ ပညာတော်သင်ကာလ နေ့ရက်များအတွင်းကိုယ်တိုင်တွေ့ကြုံရသည့် အမှတ်တရ ဖြစ်ဖွယ်၊ ဗဟုသုတရဖွယ်အကြောင်းအရာများကို ရေးသားထားသည့် စာမူဖြစ်သောကြောင့် ဤစာမူ၏ မူရင်းပိုင်ရှင်မှာ စာရေးသူအောင်နှင်း (အမည်ရင်း– ဦးအောင်ဇေလှိုင်) ဖြစ်ပါကြောင်းနှင့် စာအုပ်အဖြစ်ထုတ်ဝေဖူးခြင်းမရှိသေးသောစာမူဖြစ်ပါကြောင်း အောက်တွင်ဝန်ခံလက်မှတ်ရေးထိုးပါသည်။

လေးစားစွာဖြင့်

(အောင်နှင်း)
ဦးအောင်ဇေလှိုင်
၇/ ညလပ(နိုင်) ၀၉၃၇၉၇

mgyoe.com

mgyoe.com


## ခဏတော့ခွဲရဦးမယ် မြန်မာ

၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၀ ရက်၊ စနေနေ့။

ည ၁၀ နာရီခန့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရောက်တော့ လူအတော်ရှင်းနေပြီ။ တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့ကို ထွက်ခွာမယ့် ASIANA "အာဆီနာ" အဲယားလိုင်း အမှတ် OZ 770 ခရီးစဉ်က ဒီညအတွက် နောက်ဆုံးဖြစ်နိုင်လို့ လေဆိပ်ထဲ ခရီးသည်တွေ ရှင်းနေတာ လည်းဖြစ်နိုင်ပါတယ်။ လေဆိပ်အတွင်း မိသားစုဝင်တွေ လိုက်လံပို့ဆောင်နိုင်ဖို့ ကျွန်တော့်ဌာနကပေးလိုက်တဲ့ စာရွက်စာတမ်းတွေပြပြီး စီစဉ်တော့ လေဆိပ်လုံခြုံရေးက ကျွန်တော် အပါအဝင်လေးဦးပဲ ဝင်ခွင့်ပြုပါတယ်။ ဒါ့ကြောင့် တစ်ဦးတည်းသော အစ်မအရင်းကို လေဆိပ်ထွက်ခွာဆောင်အပြင်မှာ နှုတ်ဆက်ထားခဲ့ပြီး အမေနှစ်ယောက် (တစ်ဦးက ယောက္ခမ)၊ ဇနီးတို့နဲ့ လေဆိပ်အတွင်းက check-in-counter ဆီ ဝင်ခဲ့လိုက်ပါတော့တယ်။

နှစ်ချီကြာမယ့် ပညာသင်ခရီးမို့ Luggage အိတ်အတွင်းမှာ မြန်မာ့အစားအစာတွေ အပါအဝင် အသုံးအဆောင်ပစ္စည်းတွေက အပြည့်မို့ အိတ်ကိုချိန်ကြည့်တော့ ကီလို ၃၀ ကျော်နေတယ်။ လေယာဉ်လက်မှတ်တစ်စောင်အတွက် ခွင့်ပြုတာက ကီလို ၂၀။ နှစ်ရက်ကြိုတင် ဖုန်းဆက်ပြီး

mgyoe.com

mgyoe.com

လေယာဉ်လက်မှတ်အရောင်းဌာနကို ကီလိုအပိုတောင်းတော့ ပညာသင်သွားမှာလည်းဖြစ်တာကြောင့် ၁၀ ကီလိုအပိုထပ်ပေးပါတယ်။ ဒါပေမဲ့ e-ticket ထဲမှာတော့ ကီလိုအပိုပေးကြောင်း ထည့်မရေးထားတဲ့အတွက် လေကြောင်းလိုင်းကို မေးကြည့်ဖို့ ပြောတော့မှ ကွန်ပျူတာထဲဝင်ကြည့်ပေးရင်း အဆင်ပြေသွားရတယ်။ Hand Carry ယူသွားမယ့် ကျောပိုးအိတ်တစ်လုံး၊ လက်ဆွဲ luggage အိတ်ငယ်တစ်လုံးကိုတော့ နှစ်ခုပေါင်း ၆ ကီလိုထက်ကျော်ခွင့်မပေးဘူးလို့ ပြောလာပြန်တယ်။ ကျော်ရင်လေယာဉ်အဝင်မှာ သိမ်းတာမျိုးရှိတယ်လို့ Boarding Pass ထုတ်ပေးတဲ့ ဝန်ထမ်းအမျိုးသမီးကပြောလို့ စိတ်ထဲထင့်သွားရပြန်ရော။ သေချာအောင် ချိန်ကြည့်လိုက်တော့ ၁၃ ကီလိုကျော်။ ၇ ကီလိုလောက် ပိုနေလို့ မြန်မာစာအဖွဲ့က ထုတ်တဲ့ အင်္ဂလိပ်–မြန်မာအဘိဓာန်စာအုပ်ရယ်၊ ဒေါက်တာ နေဇင်လတ်ရေးတဲ့ ကိုရီးယားနိုင်ငံ စီးပွားရေးပြုပြင်ပြောင်းလဲမှုအကြောင်း ဘာသာပြန်ထားတဲ့ "From Despair to Hope" စာအုပ်ရယ်တို့ကို ချန်ထားခဲ့လိုက်ရတယ်။

US ၇၃၉ ဒေါ်လာတန် ရန်ကုန်–ဆိုးလ်အသွားအပြန် လေယာဉ်ခရီးစဉ်အတွက် ကျွန်တော် ရတဲ့ ထိုင်ခုံအမှတ်က 27 E ပါ။ ထိုင်ခုံနံပါတ်နှစ်လုံးပေါင်းရဲ့ ရလဒ်ကကိုး။ ကိုးနဝင်းမို့ သွားရမယ့်ခရီးအတွက် စိတ်ထဲလုံခြုံမှုရှိသလိုတော့ခံစားလိုက်ရတယ်။ (ဒါက စိတ်အစွဲအလမ်းတစ်ခုပေါ့) လူဝင်မှုကြီးကြပ်ရေးကောင်တာကိုဖြတ်တော့လည်း အထူးနိုင်ငံကူးလက်မှတ် (ပတ်စပို့အစိမ်း) မို့ တန်းစီစရာ သိပ်မလိုဘဲ Hand Carry ထဲလိုအပ်တဲ့စာရွက်စာတမ်းတွေပါလို့ လွယ်လွယ်ကူကူထုတ်ပြနိုင်တာနဲ့ မြန်မြန်ပြီးသွားပါတယ်။ ပတ်စပို့ ရှေ့ဆုံးစာမျက်နှာမှာ Official Status: Official, Ministry of Livestock, Fisheries and Rural Development လို့ရေးထားတာ သူတို့တွေ့ပေမယ့် "ဘယ်ဌာနကလဲ"လို့ မေးဖြစ်အောင်မေးပါသေးတယ်။ လဝက ကောင်တာကိုဖြတ်ပြီးသွားတော့ လိုက်ပို့တဲ့မိခင်နှစ်ဦးနဲ့ဇနီးကို လက်ပြနှုတ်ဆက်ပြီး ကျောပိုးအိတ်ကိုကျောပိုး၊ လက်ဆွဲအိတ်အငယ်ကို လက်ကဆွဲ၊ ပါမောက္ခတစ်ဦးကို လက်ဆောင်ပေးမယ့် ကျောက်စီပန်းချီကားချပ်ကို လက်တစ်ဖက်ကဆွဲလို့ လေယာဉ်ဆိုက်ကပ်မယ့်
mgyoe.com

mgyoe.com


Boarding Gate ဆီ ထွက်ခဲ့ပါတော့တယ်။ ကီလိုပိုလို့ချန်ထားခဲ့ရတဲ့ အဘိဓာန်စာအုပ်အထူကြီးနဲ့ နေဇင်လတ်စာအုပ်တို့ကို ဇနီးသည်က ပိုက်ပြီး မိခင်နှစ်ဦးနဲ့အတူ လေဆိပ်ကထွက်ခွာသွားတာကို သမင်လည်ပြန်ကြည့်မိ လိုက်ချိန် ရင်ထဲဟာသွားရပါတယ်။ ပြီးတော့ လေဆိပ်လုံခြုံရေးဂိတ်ကို ဖြတ်ဖို့ ခြေဦးလှည့်ခဲ့လိုက်ပါတော့တယ်။

ဝတ်ထားတဲ့နာရီ၊ အိတ်ကပ်ထဲက ဘောပင်၊ ခါးပတ်၊ ဖုန်း၊ ရှူး ဖိနပ်စတာတွေ အကုန်ချွတ်ပြီး ခွက်ထဲထည့်။ သယ်လာတဲ့ အိတ်တွေလည်း ခွက်ထဲထည့်ပြီး လုံခြုံရေးစက်ထဲကိုဖြတ်။ လူကိုလည်း တစ်ကိုယ်လုံး စစ်ဆေးရင်း "ဘယ်ဌာနကလဲ" ဆိုတာ ထပ်မေးပါတယ်။ အင်္ကျီအိတ် ကပ်အတွင်းက ပတ်စပို့အစိမ်းရောင်ကိုကြည့်ပြီး မေးမှန်းသိလိုက်ပါတယ်။ ပတ်စပို့အစိမ်းက အစိုးရဝန်ထမ်းတွေကိုပဲ သီးသန့်ထုတ်ပေးတာမဟုတ် လား။ "မွေးရေကျေးလက်ဝန်ကြီးဌာန" ကပါလို့ ဖြေလိုက်ပါတယ်။ ကီလိုပိုနေတာ ထပ်ပြောမလားလို့ ဖြတ်ခနဲ စိုးရိမ်စိတ်ပေါ်လာမိပေမယ့် ပစ္စည်းတွေက စက်ကိုဖြတ်ပြီး ဟိုဘက်ခြမ်းရောက်တဲ့အထိ အေးအေးဆေး ဆေးဖြစ်နေတာမို့ အိုကေပြီဆိုတာ သိလိုက်ရလို့ စိတ်အေးသွားရပါတယ်။ လက်နှစ်ဖက်ကိုဆန့်တန်း၊ ပေါင်ချဲမတ်တပ်ရပ်ရင်း စက်နဲ့အစစ်ခံနေတုန်း "သင်တန်းလား၊ ပညာသင်လား"မေးလို့ ဖြေရပြန်သေးတယ်။ "ပညာ သင်ပါ" ဆိုတော့ "ဘယ်လောက်ကြာမှာလဲ" တဲ့။ "တစ်နှစ်"လို့။ ဆိုးလ်မှာ ရှိတဲ့ အင်ချွန်းလေဆိပ်ကို ထွက်ခွာမယ့်ခရီးသည်ကို "ကိုရီးယားမှာ ပညာ သင်မှာလား"ဆိုပြီး မေးပြန်ပါတယ်။ တကယ်ပါပဲ။ "ဟုတ်ကဲ့" ဆိုတော့ "ရှေ့ကလေယာဉ်မှာ ဂျပန်ကိုပညာသင်သွားတဲ့အဖွဲ့တွေ အုပ်စုလိုက်အများ ကြီးပဲ"တဲ့။(ကြားရတာ အားရစရာ၊ကျွန်တော်ကတော့ တစ်ယောက်တည်း) မြန်မာစကားကို ဖော်ဖော် ရွေရွေ ရင်းရင်းနှီးနှီးနဲ့ ရေရေလည်လည် ပြောခွင့် ရတာ ဒီနေရာ နောက်ဆုံးဖြစ်ပြီလို့ စိတ်ထဲတွေးမိတော့ ရှေ့ကိုအင်္ဂလိပ် စကားနဲ့ ကြိုးစားပြီးပြောဖို့ စတင်ပြင်ဆင်မိသွားပါတယ်။

ဩဂုတ်လ ၃၁ ရက်နေ့သို့အကူး ညဉ့်နက်အချိန် ၁၂ နာရီ ၃၅မှာ လေယာဉ်ဘီးစလိမ့်တော့ အန္တရာယ်ကင်းစွာနဲ့ လိုရာခရီးရောက်ပါစေလို့ စိတ်ထဲသစ္စာဆိုပြီး ဆုတောင်းလိုက်ရတယ်။ ထိုင်ခုံက အလယ်သုံးခုံတွဲရဲ့

mgyoe.com

mgyoe.com

ညာအစွန်ဘက်မို့ လေယာဉ်ပြတင်းပေါက်နဲ့ဝေးတာကြောင့် အပြင်ကို ကဲပြီးပဲကြည့်လို့ရတယ်။ လေယာဉ်တက်သွားတဲ့အချိန် ညအမှောင်အောက်မှာ အိပ်မောကျနေတဲ့ရန်ကုန်မြေကို လေယာဉ်စောင်းပြီးအကွေ့ လေယာဉ်ပြတင်းကနေ လှမ်းတွေ့လိုက်ရတယ်။ သံယောဇဉ်ရှိတဲ့ မွေးရပ်နိုင်ငံနဲ့ ချစ်ခင်ရသူအပေါင်းကိုထားခဲ့ပြီး ရေခြားမြေခြားကို တစ်ဦးတည်းအချိန်အကြာကြီးထွက်ခွာခဲ့ရပြီဆိုတဲ့ အသိကြောင့် ဝမ်းနည်းစိတ်တို့ ရင်ထဲပြည့်တက်လာသလိုလို။

ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအဆင့်အတန်းသာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ခဲ့ရင် ကိုယ့်ရေမြေမှာပဲ မိသားစုနဲ့အတူနေပြီး ပညာသင်ခွင့်ရမှာမို့ ဘယ်လောက်ကောင်းလိုက်မလဲလို့ တောင့်တစိတ်ဖြစ်လာမိပါတယ်။ (အခုလိုမိသားစုနဲ့ခွဲပြီး အဝေးမှာပညာသွားသင်ဖို့မလိုတော့ဘူးလေ) နိုင်ငံတကာအဆင့်မီပညာရေးကို သင်ယူချင်ပြီး ဒီပညာနဲ့ ခေတ်မီနိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်မှာ ပါဝင်အားဖြည့်ပေးလိုတဲ့ဆန္ဒကြောင့်သာ ပညာသင်ခရီး ထွက်လာရတာမို့ ထူးထူးထွေထွေဂုဏ်ယူမှု၊ဝမ်းမြောက်မှုတို့ထက် လုပ်သင့်တဲ့ အလုပ်တစ်ခုကို လုပ်နေရသလိုသာ ခံစားရပါတယ်။ နောင်လာမယ့် မျိုးဆက်တွေ မိသားစုနဲ့ မခွဲမခွာ ကိုယ့်နိုင်ငံတွင်းမှာနေထိုင်ပြီး ကမ္ဘာ့အဆင့်မီပညာတွေ သင်ခွင့်ရနေတာ တစ်ချိန်မှာ မြင်တွေ့ခွင့်ရမယ်ဆိုရင်တော့ ကျွန်တော် ဝမ်းသာမိမလား မပြောတတ်။

မည်သို့ပင်ဖြစ်စေ … ကျွန်တော့်ဘဝရဲ့ တတိယမြောက် ပြည်ပခရီး၊ဒုတိယမြောက်ကိုရီးယားနိုင်ငံဆိုးလ်မြို့သို့ခရီး၊ ပထမမြောက်နိုင်ငံခြားပညာတော်သင်ခရီးကတော့ စခဲ့ပါပြီ။ ညဥ့်သန်းခေါင်ကျော်မှာ ခရီးစထွက်ခဲ့တာမို့ နောက်တစ်နေ့ နံနက်မှ ဆိုးလ်မြို့ကိုရောက်ရှိမှာပါ။ မင်္ဂလာနံနက်ခင်းမှာ ဆိုးလ်မြို့ကိုခြေချနိုင်ဖို့အတွက် ကျွန်တော်ချစ်တဲ့ မြန်မာနိုင်ငံရဲ့ညကိုတော့ ကျောခိုင်းခဲ့ရပါပြီ။

ခဏတော့ ခွဲရဦးမယ် … မြန်မာ

■

mgyoe.com

mgyoe.com


# ဆိုးလ်မြေသို့ ဒုတိယတစ်ခေါက်

၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်၊ တနင်္ဂနွေနေ့။

ထွက်ခွာခဲ့တဲ့နိုင်ငံရဲ့အချိန်နဲ့ ဆိုက်ရောက်မယ့်နိုင်ငံရဲ့အချိန်ကို လေယာဉ်ပေါ်မှာ ကြေညာထားပေးပေမယ့် လက်ပတ်နာရီကိုတော့ အချိန်မပြောင်းဘဲထားလိုက်ပါတယ်။ ညဉ့်နက်ချိန်မို့ ရေသန့်နဲ့ အဖျော်ရည်ကြိုက်ရာယူသောက်ဖို့ ကိုရီးယားသူ လေယာဉ်မယ်ချောချောလေးတွေက ခရီးသည်တွေကိုလိုက်ပေးပါတယ်။ လေယာဉ်က အမြင့်ပေ ၂၉၀၀၀ ကျော်လောက်က ပျံနေတာဆိုတော့ လေယာဉ်ပြင်ပ အပူချိန်က တချို့နေရာတွေမှာဆို သုညဒီဂရီနဲ့ တစ်ခါတစ်ရံ အနုတ်ဒီဂရီလောက်အထိဖြစ်သွားတာ ရှေ့မှာမြင်နေရတဲ့ တီဗွီမျက်နှာပြင်မှာဖော်ပြနေလို့ ဆိုးလ်ရောက်ရင်ကော တော်တော်အေးတော့မှာလားလို့ စိတ်ထင့်သွားရပါသေးတယ်။ Hand Carry အဖြစ်သယ်လာတဲ့ ကျောပိုးအိတ်ထဲမှာ အနွေးထည်ရယ်၊ အသားကပ် အတွင်းခံအင်္ကျီနဲ့ အသားကပ်ဘောင်းဘီတစ်စုံ ထည့်ထားလို့ စိတ်တော့ သိပ်မပူပါဘူး။ အေးခဲ့ရင် သန့်စင်ခန်းဝင်ပြီး ထုတ်ဝတ်လိုက်ရုံပဲ မဟုတ်လား။

သတ်မှတ်အမြင့်ပေရောက်တော့ လေယာဉ်မီးတွေ မှိတ်သွားပါတယ်။ ထိုင်ခုံကိုနောက်လှန်ပြီး ခရီးသည်တွေအတွက်ပေးထားတဲ့ စောင်ကို

mgyoe.com

mgyoe.com




မခြုံသေးဘဲ ရင်ခွင်ထဲ ပိုက်ထားလိုက်ပါတယ်။ ယခင်နှစ် ၂၀၁၃ ဇွန်လ အကုန်မှာ ဆိုးလ်မြို့ကို တစ်ပတ်ကြာသင်တန်းတက်ဖို့ ပထမဆုံးအကြိမ် ခရီးထွက်ခဲ့တာကိုပြန်သတိရလာပါတယ်။ အဲဒီတုန်းက “အာဆီယံ အရာထမ်းများအတွက် လူမှုဖူလုံရေးကွန်ရက်ဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း”ကို ဌာနက ဝန်ထမ်းတစ်ဦးနဲ့အတူ တက်ရောက်ဖို့ထွက်လာခဲ့ကြတာပါ။ ထိုင်းနိုင်ငံ၊ သုဝဏ္ဏဘူမိလေ ဆိပ်ကတစ်ဆင့်သွားခဲ့ရတာမို့ အချိန်ကြာကြာစီးခဲ့ရတာ မှတ်မိနေပါသေးတယ်။ ခုတော့ တိုက်ရိုက် flight မို့ အချိန်သက်သာသွားပါပြီ။ မြန်မာနဲ့ တောင်ကိုရီးယားလေကြောင်းခရီးအကွာအဝေးမိုင် ၂၃၀၀ ကျော်ကို ၆ နာရီကျော်နဲ့ တိုက်ရိုက်ပျံသန်းမှာဆိုတော့ လေယာဉ်ပေါ်မှာ ခါးညောင်းအောင် ထိုင်ရမယ့်အခြေအနေပါပဲ။ အဲဒီတုန်းက မြန်မာနှစ်ယောက် လေယာဉ်ပေါ် မအိပ်သေးဘဲ ရုံးကအကြောင်း၊ အလုပ်အကြောင်းတွေပြောနေကြလို့ လေယာဉ်တစ်စီးလုံး ကျွန်တော်တို့

mgyoe.com

mgyoe.com

အသံလောက်ပဲရှိခဲ့တယ်။ ကျန်ခရီးသည်တွေက အိပ်နေကြပြီ။ ခုတော့ ကျွန်တော်တစ်ဦးတည်း စကားပြောရမယ့်သူမရှိ။ ဘေးခုံကလည်း လွတ်နေတော့ စကားပြောဖို့လည်းမရှိတာနဲ့ အိပ်ချင်စိတ်မရှိလည်း ကြိုးစားပြီး အိပ်နေလိုက်ရတယ်။

နှစ်နှစ်ခြိုက်ခြိုက်မဟုတ်လို့ အိပ်တစ်ဝက်၊ နိုးတစ်ဝက်နဲ့ပါပဲ။ ဆိုးလ်ကိုရောက်ပြီး ဘယ်လိုတွေဆက်သွားရမယ်ဆိုတာ ကျောင်းကပို့ထားတဲ့ လမ်းညွှန်မြေပုံနဲ့ စာသားတွေ ဖတ်ထားလို့သိနေတာရယ်၊ တစ်ကြိမ်ရောက်ဖူးပြီးသားဖြစ်တာရယ်ကြောင့် စိတ်တော့မပူမိပါဘူး။ ပစ္စည်းတွေများလို့ သယ်ရတာအဆင်မပြေမှာကိုပဲ စိတ်လေးနေမိတာပါ။

လေယာဉ်ပြတင်းမှန်ကိုကာထားတဲ့ နေကာပြတင်းလေးတွေ လေယာဉ်မယ်တွေ လိုက်ဖွင့်နေလို့ ကြည့်လိုက်တော့ အပြင်မှာ တော်တော်လင်းနေပြီ။ ကျွန်တော့်နာရီမှာက နံနက် ၄ နာရီခွဲ။ (မြန်မာပြည်သူတွေ အိပ်ကောင်းတုန်း) ကိုရီးယားစံတော်ချိန်က မြန်မာထက် ၂ နာရီခွဲစောလို့ မိုးလင်းချိန် ၇ နာရီခန့်ဖြစ်နေပြီ။ လေယာဉ်က နံနက် ၉ နာရီခွဲခန့် ဆိုးလ်ကိုရောက်မှာဆိုတော့ နံနက်စာကို လေယာဉ်မယ်လေးတွေက လိုက်ကျွေးပါတယ်။ ဘာစားမလဲဆိုတာ ကိုရီးယားနဲ့အင်္ဂလိပ်ဘာသာ စကားနှစ်မျိုးနဲ့ မေးပါတယ်။ စတွေ့တာပါပဲ။ ချက်ချင်း ဘာမေးမှန်းမသိ။ နောက်တစ်ကြိမ်ထပ်မေးမှ နားလည်သွားပါတယ်။ မျက်နှာမသစ်၊သွားမတိုက်ဘဲ လေယာဉ်ပေါ်မှာ နံနက်စာစားလိုက်ရတဲ့အဖြစ်ပေါ့။ (သံဃာတွေ အရုဏ်ဆွမ်းစားတဲ့အချိန်ထက်ပိုစောတဲ့ နံနက် ၄ နာရီခွဲချိန်စောစောစီးစီးမှာ နံနက်စာစားခဲ့ရတာ အမှတ်တရပါပဲ)

လေယာဉ်ဆင်းခါနီး ကိုရီးယားခရီးသည်တွေကို တစ်ချက်စူးစမ်းကြည့်လိုက်တော့ အနွေးထည်ထပ်ဝတ်တာ မတွေ့လို့ မအေးလောက်ဘူးဆိုတာသိလိုက်ရတယ်။(လေယာဉ်ထဲမှာတော့ အဲယားကွန်းကြောင့် သာမန်ထက်ပိုအေးနေတာပေါ့) Luggage ရွေးတဲ့ နေရာမှာ အိတ်ကတော်တော်နဲ့ ရောက်မလာလို့ အိတ်ပါမလာရင် ဘယ်ကိုမေးပြီး ဘယ်လိုဆက်သွယ်ရမလဲဆိုတာတွေ ကြိုစဉ်းစားရပါသေးတယ်။ ၁၅ မိနစ်လောက်စောင့်ပြီးမှ အိတ်ကိုတွေ့လို့စိတ်အေးသွားရပြီး တွန်းလှည်းနဲ့တင်၊ လူဝင်မှုကြီးကြပ်ရေး
mgyoe.com

mgyoe.com

ကောင်တာတွေဖြတ်ပြီး ထွက်လာခဲ့တယ်။ ပညာသင်လည်းဖြစ်၊ ကိုရီးယား သံရုံးရဲ့ ဗီဇာလည်းပါနေတော့ ရှောရှောရှူရှူ မြန်မြန်ဆန်ဆန်နဲ့ပဲ ပြီးသွား ပါတယ်။

လေဆိပ်မှာရှိတဲ့ Money Changer မှာ အနုတ်ပါလာတဲ့ အမေရိကန်ဒေါ်လာ ၆၀ ကို ဝမ်နဲ့ လဲလိုက်ပါတယ်။ ယခင်နှစ်လဲတုန်းက တစ်ဒေါ်လာကို ဝမ် ၁၁၀၀ ကျော်ရတယ်။ အခုငွေလဲနှုန်းက အမေရိကန် တစ်ဒေါ်လာ ၉၇၃ ဝမ်တဲ့။ အံ့အားသင့်သွားရတယ်။ ဒေါ်လာယူလာဖို့ မြန်မာနိုင်ငံမှာ ငွေလဲခဲ့တုန်းကလည်း တစ်ဒေါ်လာကို မြန်မာငွေ ၉၇၃ ကျပ်မို့ အခု ဝမ်ဈေးနှုန်းနဲ့ တူနေလို့ပါ။ ငွေလဲပြီးလို့ လေဆိပ်ကထွက်လို့ ရပြီဆိုမှ အမှတ်တရဓာတ်ပုံရိုက်ဖို့ သတိရပြီး ဖုန်းကကင်မရာနဲ့ ရိုက်ဖို့ ပတ်ဝန်းကျင်မှာ အကူအညီရှာရတယ်။ လေယာဉ်က အတူဆင်းလာတဲ့ လူငယ်တချို့ မြန်မာလိုစကားပြောနေကြလို့ သူတို့ကိုအကူအညီတောင်းပြီး ရိုက်လိုက်ရတယ်။ (အရင်တစ်ခေါက်က နှစ်ယောက်ဆိုတော့တစ်ယောက် တစ်လှည့်ရိုက်ပေးလို့ အဆင်ပြေခဲ့တာလေ) သူတို့နဲ့ မိတ်ဆက် စကားပြော ဖို့ရာ သူတို့လည်း ဖုန်းတွေဆက်ပြီး အထုပ်အပိုးတွေနဲ့ အလုပ်ရှုပ်နေကြလို့ ကျေးဇူးစကားပဲပြောပြီး ကိုယ့်တွန်းလှည်း ကိုယ့်ဘာသာ တွန်းထွက်လာ ခဲ့တယ်။

အင်ချွန်းလေဆိပ်ကနေ Limousine Bus နံပါတ် 6002 ကို စီးရမှာမို့ ဂိတ်နေရာကိုရှာပြီး အရောက်သွား။ ဂိတ်မှာလက်မှတ်ရောင်း နေတဲ့ အသက်ကြီးကြီး ကိုရီးယား ဦးလေးကြီးထံ လက်မှတ်ဝယ်ဖို့ ပြော တော့ ကားပေါ်မှာရတယ်ဆိုတာမျိုး ကိုရီးယားလိုပြန်ပြောတယ်။ ဂိတ်မှာ ကပ်ထားတဲ့ ၉ နာရီအချိန်အောက်မှာ မိနစ်အလိုက်ဆိုက်ရောက်မယ့် ဘတ်စ်ကား အချိန်စာရင်းကို ကြည့်လိုက်တော့ ၁၀ မိနစ်လောက် အချိန်ရ သေးတာမို့ ဖုန်းနဲ့ဓာတ်ပုံရိုက်ရင်း wifi ဖွင့်လိုက်တော့ viber ပေါ်မှာ မြန်မာနိုင်ငံက ကြိုရောက်နေတဲ့ အမစဝန်ကြီးဌာနက ညီမနဲ့ချိတ်မိသွား တယ်။ ဘယ်ရောက်နေပြီလဲမေးလို့ လေဆိပ်ရောက်နေကြောင်း၊ ခုထိ အဆင်ပြေကြောင်း စာရိုက်ပြောနေရုံရှိသေး ကားရောက်လာလို့ ကားဝမ်း ဗိုက်ထဲ luggage အိတ်တွေထည့်၊ ကျောပိုးအိတ်နဲ့ ပန်းချီကားချပ်ကို
mgyoe.com

mgyoe.com

လက်ကဆွဲပြီး ကားပေါ်တက်လိုက်တော့ ကားလက်မှတ်တန်းမေးတော့ တာပါပဲ။ မပါဘူးဆိုတော့ လက်ညိုးထိုးပြတဲ့အထဲ ဝမ်တစ်သောင်းထည့် တဲ့။ လက်မှတ်ဈေးက သိပြီးသားမို့ ယာဉ်မောင်းညွှန်ပြတဲ့ အံလေးထဲကို ဝမ်တစ်သောင်းတန်တစ်ရွက်ထည့်ပေးလိုက်ပြီး သူလက်ညိုးထိုးပြတဲ့ နေရာက လက်မှတ်လေးကို ယူလိုက်ရတယ်။ ကားဝမ်းဗိုက်ထဲ အိတ်တွေ ထည့်တော့ အိတ်မှာ နံပါတ်ပါတဲ့ စတစ်ကာကပ်ပေးပြီး ကျွန်တော့်လက်ထဲ ကိုလည်း လက်ခံနံပါတ်စတစ်ကာ လေးထည့်ပေးတယ်။ အခုစီးလာတဲ့ လီမွန်ဇင်းကားက ကျွန်တော်တို့ဆီက အဝေးပြေး Express ကား အကောင်းဆုံးတွေထက် ပိုကောင်းပါတယ်။ ခရီးသည် ကားပေါ်သိပ်မပါ လို့ မြင်ကွင်းကောင်းကောင်းမြင်ရမယ့် ရှေ့ဆုံးခုံမှာထိုင်လိုက်ပြီး လမ်းတစ် လျှောက်က ရှုခင်းတွေကို ကြည့်လာလိုက်တယ်။ ကားမောင်းသူတစ်ဦးနဲ့ ခရီးသည် ၇ ယောက်လောက်ပဲ ကားပေါ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလို စပယ်ယာမပါဘူး။

ကျောင်းကပို့ပေးထားတဲ့ လမ်းညွှန်မြေပုံအရ ကားမောင်းချိန် ၁ နာရီနဲ့ ၁ နာရီခွဲကြား ကြာမှာ သိထားလို့ နာရီကို ခဏကြည့်ကြည့်လုပ်။ ကားမှတ်တိုင်ရောက်တိုင်း ကြေညာပေးတဲ့ ဘတ်စ်ကားဂိတ်ရဲ့ ကိုရီးယား အမည်တွေကို မြေပုံနဲ့တိုက်ပြီး လိုက်ကြည့်နဲ့ မျက်စိရှင်ရှင် နားရှင်ရှင် ထားနေရတယ်။ မှတ်တိုင်ကျော်ပါသွားမှာစိုးလို့လေ။ အခြေအနေပေးသ လောက် လမ်းတစ်လျှောက်က မြင်ကွင်းတွေကို ကားပေါ်ကနေ ဖုန်းနဲ့ ဓာတ်ပုံရိုက်လိုက်သေးတယ်။ တနင်္ဂနွေအလုပ်နားရက်မို့လား မသိဘူး။ ဆိုးလ်မြို့က လူအသွားအလာရှင်းနေသလို မြင်ရတယ်။ ရာသီဥတုကတော့ အုံ့တုံ့တုံ့ပါပဲ။ ချောင်ရမ်းနီဂိတ်ရောက်တော့ ဆင်းလိုက်ပါတယ်။ အဲဒီကနေ ကျောင်းကိုနောက်တစ်ဆင့် ဘတ်စ်ကားထပ်စီးရမှာမို့ ဘတ်စ်ကားလိုင်းဆီ ဘယ်လိုသွားရမလဲ စုံစမ်းတာ ဘယ်သူမှ ကျွန်တော်နားလည်အောင် ပြန် မပြောပြနိုင်ဘူး။ ကိုရီးယားလို ပြောကြလို့ပါ။ (သက်ကြီးရွယ်အိုပိုင်းတွေမှာ အင်္ဂလိပ်စာအားနည်းပြီး လူလတ်နဲ့ လူငယ်ပိုင်းတွေပဲ အင်္ဂလိပ်စကား ပြောနိုင်တာ နောင်မှတဖြည်းဖြည်း သိလာရပါတယ်) နောက်ဆုံးတော့ ၁၁၅၀ ဝမ် ကျသင့်မယ့် ဘတ်စ်ကားခရီးကို ဝမ် ၄၀၀၀ ပေးပြီး Taxi

mgyoe.com

mgyoe.com

ငှားစီးလိုက်ရပါတော့တယ်။ အထုပ်အပိုးတွေကများ၊ ကျောင်းနေရာကို လည်း မသိဆိုတော့ အငှားကားပဲ အဆင်ပြေမှာမဟုတ်လား၊ ကျွန်တော့် အထင် ယာဉ်မောင်းတွေက အသက် ၆၀ ကျော်ကြီးတွေ အလုပ်လုပ်တုန်း။ ဘယ်ကလာသလဲဆိုတာမျိုးတော့ မေးတတ်တယ်၊ မြန်မာကဆိုတော့ ခေါင်းတဆတ်ဆတ်ညိမ့်တယ်၊ (မြန်မာဆိုတာထက် ဘားမားလို့ပဲ သူတို့ အသိများတယ်) နေပြည်တော်က သပြေကုန်းဈေးနဲ့ မြို့မဈေးအကွာ အဝေးလောက်လေးပဲ မောင်းလိုက်ရတယ်၊ ကျောင်းဂိတ်ဝတစ်ခုရှေ့ရောက် ပြီး ကားကရပ်သွားတယ်၊ ကျောင်းက အီးမေးလ်နဲ့ပို့ပေးတဲ့ လမ်းညွှန် စာရွက်မှာ "အခုလာသူက KDI ကျောင်းသားဖြစ်တယ်၊ သူ့ကို ခိုက်စ် "KAIST" ကျောင်းဝင်းမှာ ချပေးပါ" လို့ ကိုရီးယားလို ရေးပေးထားလို့ အငှားကားဆရာက အဲဒီစာသားကြည့်ပြီး ဒီနေရာကို ခေါ်လာတာပါ။ ကျွန်တော်က အခုရောက်နေတဲ့ နေရာနား လမ်းချိုးလေးထဲက အဆောင်ကို သွားချင်တာ။ ဒါပေမဲ့ ဘယ်လိုပြောပြ၊ ပြောပြသူက ကားကိုရပ်ထားပြီး ဒီနေရာပဲဆိုတာနဲ့ ဆင်းလိုက်ရပြီး ကားခရှင်းတော့ ဝမ် ၄၀၀၀ တဲ့။ လမ်းညွှန်စာရွက်ထဲမှာက ၂၄၀၀ ဝမ် နဲ့ ဝမ် ၃၀၀၀ ကြားလို့ ရေးထားတာ။ မြန်မာပီပီဈေးဆစ်သေးပေမယ့် တက္ကဆီမီတာကို လက်ညိုးထိုးပြတော့ ဆက်မပြောသာတော့ဘဲ တောင်းတဲ့ ဝမ် ၄၀၀၀ ကို ရှင်းပေးလိုက်ရတယ်။

ခိုက်စ် "KAIST" လို့ခေါ်တဲ့ ကိုရီးယားသိပ္ပံနဲ့ နည်းပညာ အဆင့်မြင့် ကျောင်းဝင်းအတွင်းမှာ ကျွန်တော်တက်ရမယ့် KDI School ရှိလို့ အဲဒီကျောင်းပင်မဂိတ်ကို အငှားကားသမားက ပို့ပေးတာပါ။ တနင်္ဂနွေ ပိတ်ရက်မို့ လူသွားလူလာကရှင်း။ ကျောင်းလည်းပိတ်လို့ မေးရမယ့်သူလည်း မတွေ့ရ။ အထုပ်အပိုးတွေ ကားပေါ်ကချပြီး ပလက်ဖောင်း ပေါ်မှာ ရပ်ရင်း လမ်းညွှန်စာရွက်ထဲက မြေပုံနဲ့ ကျွန်တော်သွားရမယ့် အဆောင်နေရာ ကိုရှာနေတုန်း ကျွန်တော့်ရှေ့တည့်တည့် လမ်းသွယ်ထဲက ဆံပင်ငွေရောင် ကောက်ကောက်နဲ့ နားမှာ ear phone၊ ပိုက်တပ်ထားတဲ့ ကော်ဖီခွက်ကို စုပ်ရင်း ကျွန်တော့်ဆီ ရေးကြီးသုတ်ပျာပြေးလာတဲ့ ကိုရီးယားမလေးကို လှမ်း တွေ့လိုက်ရတယ်။ ချက်ချင်းသိလိုက်ပါပြီ။ မေခလာရောက်လာပြီလို့။ ကျွန်တော် မြန်မာနိုင်ငံက မထွက်လာမီ Flight Schedule သိရက်

mgyoe.com

mgyoe.com


တည်းက အီးမေးလ်နဲ့ မိတ်ဆက်ထားတဲ့ ကျွန်တော်နေရမယ့် အဆောင်ရဲ့ Dormitory Assistant (DA) ဖြစ်တဲ့ Jeon Inhyung။ သူမက ကိုရီးယားသူ။ ပထမအသုတ်ဖွင့်တဲ့ နွေဦး Spring အတန်းမှာ MPP တက်နေတဲ့ကျောင်းသူ။ ကျွန်တော်တက်ရမယ့်အတန်းက ဆောင်းအကြို ဖြစ်တဲ့ Fall အတန်း။ သူမကသူ့အဆောင်မှာနေမယ့်သူတွေထံ ဘယ်ရက် ရောက်မလဲဆိုတာ အီးမေးလ်နဲ့ မေးထားလို့ ဘယ်အချိန်ရောက်မယ်ဆို တာ မှန်းမိထားပြီး အခုလို ကျွန်တော်ရောက်မယ့် အချိန်ကိုကြိုသိနေတာပါ။ သူတို့နိုင်ငံမှာ အများပြည်သူသုံး ယာဉ်တွေက အချိန်ကိုက်သွားလာနေတာ ဆိုတော့ ကျွန်တော်မရောက်ခင်ကတည်းက ဘယ်အချိန်ရောက်မယ်ဆိုတာ သူမကြိုတွက်ပြီးသား။ သူမကိုယ်တိုင် ကျွန်တော့် luggage အိတ်တွေ ကူသယ်ပေးရင်း၊မိတ်ဆက်စကားတွေပြောရင်း အဆောင်ဆီကို အတူချီတက် ခဲ့ကြပါတော့တယ်။

ဒီလိုနဲ့ ရေခြားမြေခြားမှာ ပထမဆုံးနေရမယ် KDIS အဆောင် ကို သူမအကူအညီနဲ့ အခက် အခဲမရှိရောက်ခဲ့ရပြီး ဆိုးလ်မြေသို့ ဒုတိယ အကြိမ်ခြေချခြင်းခရီးစဉ်လည်း အဆင်ပြေသွားရကြောင်းပါခင်ဗျာ။

■

mgyoe.com

mgyoe.com



# လက်ညှိုး…တို့… ထိရာ

၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်၊ တနင်္ဂနွေနေ့။

Dormitory Assistant (DA)ဖြစ်တဲ့ မစွာအင်ယန်းက ကျွန်တော့် Hand Carry အိတ်အသေးကို ကူဆွဲပေးပါတယ်။ ဒါပေမဲ့ အိတ်က လမ်းပေါ်မှာ ပိုးလိုးပက်လက်လန်သွားတယ်။ သူ့လက်တစ်ဖက်မှာက ကော်ဖီခွက်နဲ့။ နားကြပ်က ဖုန်းနဲ့ချိတ်ထားပြီး သီချင်းပဲ နားထောင်နေတာလား၊ ဖုန်းပဲပြောနေတာလား ကျွန်တော်မသိ။ ဒီလိုလက်တစ်ဖက်ကမအားဘဲ ကျွန်တော့်အိတ်ကို သူကူဆွဲပေးတော့ အိတ်ကဟန်ချက်ပျက်ပြီး ကျွမ်းထိုးမှောက်ခုံဖြစ်သွားရတယ်။ ကျွန်တော့်မှာက ကီလို ၃၀ ကျော်အိတ်ကြီးကိုလည်းဆွဲ၊ ကျောပိုးအိတ်ကိုလည်းလွယ်၊ လက်ကကျောက်စိ ပန်းချီကားကိုလည်း ဆွဲနဲ့ဆိုတော့ သူမ ကူညီပေးတာကို ကျေးဇူးတင်ရပေမယ့် သူမ ဒယိမ်းဒယိုင်နဲ့ဆွဲနေတာ အဆင်မပြေလို့ ကျွန်တော်ပဲ ပြန်ယူပြီး ဆွဲလိုက်ရတယ်။ တက္ကစီရပ်တဲ့လမ်းဆုံကနေ ခြေလှမ်းငါးဆယ်လောက်လှမ်းရုံနဲ့ အဆောင် ရှေ့ရောက်တော့တာပါပဲ။ ဖေ့စ်ဘွတ်မှာ အတွေ့အကြုံလေး တွေဝေမျှဖို့ အမှတ်တရ ဓာတ်ပုံရိုက်ချင်တာနဲ့ သူမကိုပဲအကူအညီတောင်းပြီး ရိုက်ခိုင်းရတယ်။ လတ်တလောမှာ ကျွန်တော်နဲ့ ဆုံမိသူတိုင်း ကျွန်တော့် ကင်မရာမင်းတွေ ခေတ္တခဏဖြစ်ပေးနေရသလိုမျိုးပါပဲ။

mgyoe.com

mgyoe.com


ကျွန်တော်နေရမယ့် အဆောင်အမည်က KDIS Dormitory။ ကျောင်းဝင်းတွင်းကအဆောင် on-campus နဲ့ ကျောင်းပြင်ပအဆောင် off-campus ဆိုပြီး နှစ်မျိုးရှိရာမှာ ကျွန်တော့် အဆောင်က off-campus။ ဒါပေမဲ့ ကျောင်းကို လှမ်းမြင်ရလောက်အောင် ကျောင်းနဲ့နီးနီးလေး။ Single Room ဖြစ်လို့ တစ်ယောက်ခန်းသီးသန့်။ အဆောင်အဝင်ပင်မ မှန်တံခါးကို ခလုတ်တွေနှိပ်ပြီး သူမကဖွင့်တယ်။ ကျွန်တော့်ကိုလည်း နှိပ်ရမယ့် ခလုတ်တွေနဲ့ အစီအစဉ်တွေပြောပြတယ်။ ကြွေပြားခင်းထားတဲ့ လှေကားထစ် ငါးထစ်လောက်ကို အိတ်ကြီးတွေ သယ်ပြီးတက်ရတယ်။ အဲဒီအထပ်ရောက်တော့ ဓာတ်လှေကားဆီခေါ်သွားပြီး ဓာတ်လှေကားနဲ့ လေးထပ်မြောက်ကိုတက်ခဲ့တယ်။ ကျွန်တော့်အခန်းနံပါတ်က (၄၀၃)။ ဓာတ်လှေကားခလုတ်မှာ နံပါတ်ငါးအထိပါတော့ ဒီအဆောင်က ငါးထပ်ရှိမှာသေချာတယ်။ (တကယ်တော့ ဓာတ်လှေကားမတပ်ထားတဲ့ မြေအောက်ထပ်တစ်ထပ်ရှိသေးတယ်) ဓာတ်လှေကားကထွက်ပြီး နည်းနည်းမှောင်တယ်ထင်ရတဲ့ passage အတိုင်း အိတ်တွေဆွဲလာမှ မျက်နှာကြက်က မီးတွေဖျတ်ခနဲလင်းလာကြတယ်။ အာရုံခံ sensor နဲ့လိုအပ်တဲ့ အချိန်မှ မီးပွင့်အောင် စွမ်းအင်ချွေတာသုံးထားတာ အတုယူဖွယ်ရာ စတင်ကြုံရတယ်။

သူမက ကျွန်တော့်အခန်းနံပါတ်ကို မေးလို့ ဖိုးအိုသရီးလို့ ပြောလိုက်တယ်။ သေချာအောင် မေးတာပါ။ သူမမှာ စာရင်းကရှိပြီးသား။ အခန်းရှေ့ရောက်တော့ တံခါးကိုခလုတ်တွေနှိပ်ပြီး ဖွင့်တယ်။ အထဲရောက်တော့ အထုပ်အပိုးတွေချပြီးတာနဲ့ အခန်းထဲက အသုံးအဆောင်တွေလိုက်ပြတယ်။ Basin မှာ ရေပူရေအေး ဘယ်လိုပြောင်းသုံးရတယ်၊ အဝတ်လျှော်စက်ကို ဘယ်လိုသုံးရတယ်၊ ရေခဲသေတ္တာက ဘယ်နေရာမှာ၊ အဲယားကွန်းက ဘယ်လောက် ဒီဂရီဆိုသင့်တယ်၊ ရေချိုးခန်းအသုံးအဆောင်တွေကဘာတွေ၊ အပြင်ထွက်ရင်အခန်းတွင်း Heating ပေးတဲ့စနစ်ကို ဘယ်လိုပိတ်ခဲ့ရမယ်၊ အမှိုက်တွေပစ်ရင် အစားအစာနဲ့ ပတ်သက်တဲ့အမှိုက်ကို ပလပ်စတစ်အိတ်အဝါထဲထည့်ဖို့၊ တခြားအမှိုက်တွေကို ပလပ်စတစ်အိတ်အဖြူထဲထည့်ပြီး အဆောင်ရဲ့ ဘယ်ဘက်ခြမ်းမှာသွား စွန့်ဖို့၊ အဲ့ဒီအိတ်တွေ

mgyoe.com

mgyoe.com

ကို နီးစပ်ရာ convenience စတိုးဆိုင်တွေမှာ ဝယ်လို့ရကြောင်းတွေ ရှင်းပြတယ်။ (အဲဒီအတိုင်း အမှိုက်မစွန့်ရင် ဒဏ်တပ်ခံရမယ်ဆိုတာလည်း ပါသေး) ပြီးတော့ အခန်းထဲ ဝိုင်ဖိုင်မရဘဲ ကေဘယ်နဲ့ပဲ အင်တာနက် ရတယ်ဆိုပြီး ကေဘယ်ကြိုးနဲ့ မီးပလပ်ပေါက်တွေပြ။ အခန်းထဲ စုံအောင်ပြ ပြီးတော့ သူ့နောက်လိုက်ခဲ့ဖို့ ပြောတာနဲ့ လိုက်သွားရပြန်တယ်။

ကျွန်တော်နေတဲ့ အထပ်မှာပဲ၊ လှေကားအတက်အဆင်းနားမှာ သံဗီရိုတစ်လုံးရှိပြီး လိုအပ်တဲ့ လက်သုံးကိရိယာတွေထည့်ထားတဲ့ tool box ရှိကြောင်း၊ မီးပူလည်းထားရှိကြောင်း၊ မီးပူထိုးတဲ့ခုံနဲ့ မီးပူကိုသုံးပြီး ရင်သူ့နေရာသူပြန်ထားဖို့၊ ပြီးတော့ ဒုတိယထပ်ကို ဆင်းသွားပြီး အဲဒီ အထပ်မှာရှိတဲ့ ဗီရိုထဲမှာ ရှေးဦးသူနာပြုဆေးပုံးထားပေးထားလို့ သာမန် ထိခိုက်ရှနာနဲ့ အသေးစားဖျားတာလောက်အတွက် ဆေးတွေယူသုံးဖို့ ရှင်းပြတယ်။ အဲဒီကနေ ပထမထပ်ကိုဆက်ပြီး ဆင်းလာရတယ်။ အဲဒီ အထပ်မှာ အဝတ်ခြောက်ခံစက်ထားပေးထားတယ်။ သုံးပုံသုံးနည်းလည်း ရှင်းပြတယ်။ ပထမ ဝမ်ငါးရာတန်အကြွေစေ့ (သို့) ဝမ်တစ်ရာတန် အကြွေ စေ့ထည့်ရမယ်တဲ့။ ပြီးတော့ power ကိုဖွင့်ပြီး start bottom တွေဆက် နှိပ်ဖို့ ရှင်းပြတယ်။ တစ်ရာတန်ထည့်ရင် သုံးမိနစ်ရမယ်။ ငါးရာတန်ဆို ၁၅ မိနစ်တဲ့။ ငါးရာတန်ဆို အဝတ်စားတွေခြောက်ဖို့ လုံလောက်ပါတယ် တဲ့။ ပြီးတော့ မြေအောက်ထပ်ကို ခေါ်သွားတယ်။ လှေကားခြေရင်းမှာ Microwave ထားပေးထားတယ်။ ဒီကိုလာပြီး ထမင်းတွေ၊ ဟင်းတွေနွေး လို့ရတယ်တဲ့။ Microwave ဘေးမှာ ရေပူ၊ ရေအေးရတဲ့ Water Coller ရှိလို့ သောက်ရေကို ဒီကယူသုံးပါတဲ့။

တစ်ဆောင်လုံးလိုက်ပြပြီးတော့ အဆောင်ပြင်ဘက်ကို မှန်တံခါး ခလုတ်နှိပ်ပြီး ထွက်တယ်။ ပြီးတော့ နှိပ်ရမယ့် code တွေကို ကျွန်တော့်ကို နှိပ်ခိုင်းပြီး ပြန်ဖွင့်ခိုင်းတယ်။ အိုကေသွားလို့ စိတ်ချရပြီဆိုတော့မှ အခန်းကို ပြန်လာပြီး ကျွန်တော့်အခန်းထဲမှာ Hotplate လိုသေးလို့ ရှာပြီးလာပို့ ပေးမယ့်အကြောင်း၊ သူငယ်ချင်းတစ်ယောက်ကို ကြိုဖို့ရှိလို့ ည(၁၀)နာရီ ကျော်မှ သူမ ပြန်ရောက်မယ့်အကြောင်း ပြောပြီးပြန်သွားပါတော့တယ်။ သူမနေတဲ့အခန်းက ပထမထပ်က (၁၁၁) တဲ့။ သူ့မကိုဆက်သွယ်ရမယ့်
mgyoe.com

m.gyoe.com



ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတွေ ပထမထပ်က Notice Board မှာ ရေးထားတယ်လို့ပြောသွားပါတယ်။

အချိန်က မွန်းလွဲ ၂ နာရီကျော်ပြီမို့ ဗိုက်ကဆာလာပြီ။ လေယာဉ်ပေါ်မှာစားခဲ့တာပဲရှိတာဆိုတော့ ပစ္စည်းသယ်ရတာနဲ့ ဗိုက်ကတော်တော်ချောင်သွားပြီ။ ဘယ်နားဈေးဝယ်လို့ရလဲ မေးပြီး လမ်းညွှန်ပြလိုက်တဲ့နေရာကို အခန်းတံခါးပိတ်ပြီး ထွက်လာခဲ့တယ်။ ဒီဂျစ်တယ်သော့မို့ အခန်းသော့ယူစရာမလိုဘဲ အခန်းထဲကထွက်လာရတာကြောင့် လက်ထဲတစ်ခုခုလိုနေသလိုလိုနဲ့။ (ကိုယ့်နိုင်ငံမှာကတော့ အခန်းတံခါးပိတ်ပြီးရင် အခန်းသော့ကို အမြဲတမ်း ယူလာနေကြမဟုတ်လား) အခန်းတံခါး အဖွင့်အပိတ်ကို သေချာအောင် မှတ်သားထားတဲ့ နံပါတ်ကို နှိပ်ကြည့်၊ ဖွင့်ကြည့်လုပ်ပြီး သေချာမှ စိတ်ချလက်ချထွက်ခဲ့တယ်။ ကျွန်တော့် အခန်းသော့ကုတ်နံပါတ်ကို DA နဲ့ ကျွန်တော်ကလွဲပြီး ဘယ်သူမှ သိခွင့်မရှိဘူး။ ကျွန်တော့်သဘောနဲ့လည်း နံပါတ်ပြောင်းခွင့်မရှိဘူး။ အဆောင်ကြီးကြပ်သူတွေက အခန်းကို အချိန်မရွေးဝင်ရောက်စစ်ဆေးခွင့်ရှိတယ်။ ဒါတွေက အဆောင်နေသူတွေ လိုက်နာရမယ့် စည်းကမ်းချက်တချို့ပေါ့။ အဆောင်ရဲ့နေရာအတော်များများမှာလည်း CCTV ကင်မရာတွေချည်းမို့ လုံခြုံရေး အတွက်ကတော့ ပူစရာနတ္ထိပါ။

အိမ်ကဟင်းတွေ ပါလာလို့ ထမင်းဘူးပဲ ရှာပြီးဝယ်လိုက်တယ်။ ၃၀၀ ဂရမ်ပါတဲ့ ထမင်းဘူးကို ၂၁၀၀ ဝမ်တဲ့။ နေပြည်တော်မှာရှိတဲ့ ကျွန်တော့်ရုံးက ထမင်းစားဆောင်မှာ ထည့်ပေးတဲ့ တစ်ဇွန်းစာ ထမင်းလောက်ပဲ ဘူးထဲမှာပါတယ်။ ဆန်ကတော့ နည်းနည်းစီးတယ်။ ကောက်ညှင်းမကျ၊ ထမင်းမကျပေါ့။ ရေဘူးခွံမရှိလို့ ၂ လီတာ ရေသန့်ဘူးဝယ်တာ ၁၁၀၀၀ဝမ်။ ကော်ဖီသောက်ချင်စိတ်ဖြစ်လာလို့ French ကော်ဖီတစ်ဘူး ဝယ်တာက ၁၅၀၀ ဝမ်။ လက်သုတ်ပဝါပါလာပေမယ့် တစ်ရှူးသုံးရအောင် အသေးဆုံးတစ်ထုပ် ရွေးဝယ်တာကိုပဲ ၁၀၀၀ ဝမ်။ ဒီလိုနဲ့ ဝယ်လာတဲ့ စားစရာတွေနဲ့အတူ အခန်းကိုပြန်လာပြီး မြန်မာနိုင်ငံကပါလာတဲ့ ဟင်းတွေနဲ့ နေ့ခင်းစာစားပေါ့။ ချက်လို့က Hotplate မရှိသေးလို့ အဆင်မပြေသေးဘူး။ Rice Cooker ကိုတော့ ကီလိုများမှာစိုးလို့ မြန်မာနိုင်ငံက မသယ်ခဲ့တာ။ ဒီအနီး

m.gyoe.com

mgyoe.com

တစ်ဝိုက်မှာ ဝယ်မရသေးလို့ ဆိုင်နေရာသိသူကို နောက်မှအကူအညီတောင်းပြီးဝယ်ရတော့မယ်။ ဘတ်စ်ကားနဲ့ ဝေးဝေးသွားဝယ်ဖို့လည်း မဖြစ်သေးဘူး။ ဘတ်စ်ကားကို T Money ဆိုတဲ့ ကတ်နဲ့ စီးရတာဆိုတော့ အဲဒီကတ်က ကျွန်တော့်မှာမရှိသေးဘူး။

စားပြီးတော့ luggage ထဲက ပစ္စည်းတွေကို Locker တွေမှာ ထည့်ပြီး အသီးသီးနေရာချ ထားလိုက်တော့ အခန်းလေးထဲ သပ်သပ်ရပ်ရပ်၊ ရှင်းရှင်းလင်းလင်းလေးဖြစ်သွားတယ်။ ကျွန်တော့်အခန်းက ထောင့်ခန်းမို့ ပြတင်းပေါက်ကနေ အပြင်ကိုကြည့်လိုက်ရင် အဆောင်ဘေးက ခြံတွေထဲမှာ ပန်းအလှပင်တွေနဲ့ စိမ်းစိမ်းစိုစိုလေးတွေမို့ မျက်စိအေးပြီး စိတ်ကြည်နူးဖို့ကောင်းလှတယ်။ မြေအနိမ့်အမြင့်လေးတွေမှာ အပင်မျိုးစုံပေါက်နေတာကို လေးထပ်အမြင့်က ကြည့်ရတာ အမြင်တစ်မျိုးထူးနေသလိုလို။

နေ့ခင်းစာစားပြီးလို့ လပ်တော့ကို ဖွင့်သုံးတော့ ပါဝါကမရှိတော့ဘူး။ ဖုန်းလည်း ဓာတ်ပုံတွေ ရိုက်ထားလို့ အားကကုန်ပြီ။ မီးပလပ်ပေါက်မှာ အားသွင်းမယ်ဆိုတော့ ဇာတ်လမ်းကစပြီ။ ဒီကပလပ်ပေါက်တွေက ခေါင်းလုံးတူးပင်တွေ။ ကျွန်တော်တို့ဆီမှာက သရီးပင်ခေါင်းအပြားကိုအသုံးများတာ။ လပ်တော့ပါဝါကြိုးမှာလည်း သရီးပင်ခေါင်းအပြား။ ဒီမှာက ခေါင်းလုံးတူး ပင်ပေါက်တွေချည်းပဲ။ ဘယ်လိုမှ သုံးလို့အဆင်မပြေဘူး။ ဒီမှာသုံးလို့ရတဲ့ ဖုန်းကတ်လည်း မရှိသေးတော့ viber ကို ဖုန်းနဲ့ ကွန်ပျူတာနဲ့ကမှ မသုံးရရင် ကျွန်တော့်အတွက် ဆက်သွယ်စရာက လုံးဝပြတ်သွားပြီ။ ဒါ့ကြောင့် ဒီကိစ္စအရေးပေါ်ဖြေရှင်းနိုင်ဖို့ စတိုးဆိုင်အစုံသွားပြီး ရှာလိုက်တာ နောက်ဆုံးမှ Universal Travel Adapter ဆိုတာ တွေ့ပြီး ဝယ်ခဲ့လိုက်ရတယ်။ ဈေးက ဝမ် ၂၀၀၀၀ တဲ့။ ကမ္ဘာ့နိုင်ငံအသီးသီးက ဘယ်လိုလျှပ်စစ်ပလပ်ခေါင်းနဲ့မဆို ခေါင်းပြောင်းသုံးလို့ရတဲ့ Adapter မျိုးစုံမို့ ဝယ်ခဲ့တာပါ။ မဝယ်လို့မဖြစ်တော့လည်း ဝယ်ရပြီပေါ့။ လေဆိပ်မှာလဲခဲ့တဲ့ ဝမ်ငွေကတော့ တော်တော်လေးပြောင်သွားပြီ။

လွန်ခဲ့တဲ့ ၁၈ နှစ်တုန်းက တောင်ငူမြို့၊ ကန်ရိုးကျေးရွာမှာရှိတဲ့ စက်မှုလက်မှုသိပ္ပံမှာ အဆောင်နေ ကျောင်းသားဘဝကို အစပြုခဲ့ဖူးပါတယ်။ ကျောင်းဝင်းအတွင်း အစိုးရအဆောင်မှာ အခန်းချက်ချင်း မပေးနိုင်သေးလို့
mgyoe.com

mgyoe.com


ဆရာတစ်ဦးဖွင့်ထားတဲ့ ကျောင်းဝင်းပြင်ပ အဆောင်တစ်ခုမှာ ငှားနေရင်း အဆောင်ကျောင်းသားဘဝကို ပထမဆုံးစတင် ဖြတ်သန်းခဲ့ဖူးတာပါ။ အဲဒီတုန်းက ခေတ်စားနေတဲ့သီချင်းက "တောင်ပံပါရင် မင်းဆီကို" ဆိုတဲ့ သီချင်းပါ။ အဆောင်ကကျွေးတဲ့ ကြက်သားဟင်းမှာ တောင်ပံတွေ့တိုင်း စနောက်ပြီးဆိုခဲ့ကြတာ အမှတ်တရပါပဲ။ ပျဉ်ခင်း၊ ထရံကာအပြင်ဆောင်မှာ ခဏနေပြီး ကျောင်းဝင်းအတွင်းက နှစ်ထပ်တိုက်အဆောင်ကို ပြောင်းခါနီး အဆောင်နေသူငယ်ချင်းတွေ အမှတ်တရလက်ဆောင် မဲဖောက်လဲလှယ်ခဲ့တာ "ကိုရီးယား သို့မဟုတ် ဟန်မြစ်ပေါ်က ကိုးတောင်ကျား" ဆိုတဲ့ စာအုပ် ကျွန်တော်မဲပေါက်ပြီး လက်ဆောင်ရခဲ့ပါတယ်။ ကိုရီးယားနိုင်ငံအကြောင်း ဆရာ "ချစ်စံဝင်း" ရေးထားတဲ့ ဒီစာအုပ်ကို မဖတ်ဖြစ်ခဲ့ဘဲသိမ်းထားခဲ့ပါတယ်။ ဒီနိုင်ငံကိုသွားခွင့်ရဖို့၊ ကျောင်းတက်ခွင့်ရဖို့တွေလည်း အဲဒီတုန်းက စိတ်ကူးမရှိခဲ့ပါဘူး။ ပညာရည်မြင့်တဲ့ နိုင်ငံတစ်ခုဆီ ပညာသင်သွားမယ်လို့သာ ရည်မှန်းခဲ့တာပါ။ ကျွန်တော် စိတ်ဝင်စားတဲ့ ပြည်သူ့ရေးရာ မူဝါဒဆိုင်ရာပညာမှာ ကိုရီးယားနိုင်ငံ KDI ကျောင်းက နာမည်ရှိတာမို့ အဲဒီကျောင်းကို ပညာသင်ဆုရွေးလျှောက်ဖြစ်ခဲ့ရာက ဒီနေ့မှာ ပညာတော်သင်ကျောင်းသားဘဝကို စတင်ဖြတ်သန်း ခွင့်ရရှိခဲ့တာပါ။ တစ်နည်းအားဖြင့် ပညာတော်သင် ကျောင်းသားတစ်ဦးရဲ့အဆောင်ကျောင်းသားဘဝ အစ ပထမနေ့ပေါ့။

"လက်ညှိုးညွှန်ရာ ရေဖြစ်တယ်" ဆိုတဲ့ ရှေးစကားကိုတော့ ဒီမှာ လက်ညှိုးထိရာ အကုန်ပြီး တယ်ပြောရမလားပါပဲ။ အဆောင်ဝင်ပေါက်က မှန်တံခါးမကြီးကိုလည်း လက်ညှိုးနဲ့ ကုတ်နံပါတ်တွေနှိပ်ပြီးဖွင့်။ ဓာတ်လှေကားကိုလည်း လက်ညှိုးနဲ့နှိပ်ပြီးဖွင့်။ အခန်းတံခါးကိုလည်း လက်ညှိုးနဲ့ password နှိပ်ဖွင့်။ အခန်းထဲက အသုံးအဆောင်တွေကိုလည်း လက်ညှိုးနဲ့ နှိပ်ပြီးခိုင်းတိုင်းရနေလို့ ဒီတစ်ခါ အဆောင်နေကျောင်းသားဘဝကတော့ လက်ညှိုးထိရုံနဲ့ပြီးတဲ့ အခြေအနေတစ်ခုဆီရောက်ခဲ့ရပြီလို့ တစ်ဦးတည်းတွေးနေမိပါတော့တယ်။

ဒီလိုနဲ့ပဲ ဒီကနေ့ အတွေ့အကြုံလေးတွေက ကျွန်တော့်ဘဝဖြတ်သန်းမှုအချိုးအကွေ့တစ်ခုမှာအမှတ်ရစရာလေးတွေဖြစ်ခဲ့ရကြောင်းပါခင်ဗျား။

mgyoe.com

mgyoe.com


## ပွဲဦးထွက် အလွဲ

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂ ရက်၊ အင်္ဂါနေ့။

ဟန်းဆက်က နာရီကို alarm ပေးထားတာ အော်သံကြားလို့ အိပ်ရာကထလိုက်တော့ ဖုန်းကနာရီမှာ ၇ နာရီ။ ဒီမနက် ၉ နာရီကျောင်းမှာ Opening Ceremony & Orientation အခမ်းအနားရှိလို့ ကျွန်တော်တို့တက်ရပါမယ်။ ကျွန်တော်တို့နိုင်ငံမှာဆို မောင်မယ်သစ်လွင်ကြိုဆိုပွဲလို့ ဆိုရမလား။ ကျွန်တော့်အခန်းထဲမှာ အင်တာနက်ကို စိတ်ကြိုက်သုံးခွင့်ရနေတာရယ်၊ မြန်မာနိုင်ငံမှာလို အဝိုင်းလေးလည်နေတာ ကြည့်စရာမလိုလောက်အောင် မြန်နှုန်းက မြင့်လွန်းတာရယ်ကြောင့် အွန်လိုင်းသုံးကောင်းကောင်းနဲ့ သုံးလိုက်တာ ညက ၂ နာရီနီးပါးမှ အိပ်ဖြစ်ခဲ့တယ်။ မြန်မာစံတော်ချိန်ထက် ၂ နာရီခွဲစောတာကြောင့် ကိုယ့်နိုင်ငံမှာ ည ၁၂ နာရီလောက်မှ အိပ်ဖြစ်တဲ့ ကျွန်တော့်အတွက် ခုလို ည ၂ နာရီကျော်မှ အိပ်ချင်တာလည်း ဆန်းတော့မဆန်းပါဘူး။ မျက်လုံးက ကျင့်သားမရသေးဘူးလေ။ ဒါနဲ့ မနက် အခမ်းအနားအမီ အိပ်ရာနိုးအောင် ဖုန်းကို နှိုးစက်ပေးပြီး အိပ်ခဲ့တာပါ။

မျက်နှာမသစ်မီ လပ်တော့ကို ဖွင့်လိုက်တော့ ဇနီးထံကပို့တဲ့ viber message ဝင်လာတဲ့ "တုန်း ... တုန်း" ဆိုတဲ့အသံကြားလို့ ကျွန်ုပ်။

mgyoe.com

mgyoe.com




တာက နာရီကိုကြည့်မိမှ တော်တော်ပျာသွားတယ်။နံနက် ၉ နာရီ ၄၀ မိနစ်။ ဒီတော့မှ သတိထားမိတော့တယ်။ လက်ပတ်နာရီရယ်၊ လပ်တော့ရယ်ကို ကိုရီးယားစံတော်ချိန် ပြောင်းထားလိုက်ပေမယ့် viber သုံးရင် ကိုယ့်နိုင်ငံက အချိန်အတိုင်းသိရအောင် ဟန်းဖုန်းမှာ Time Setting မပြောင်းဘဲ နှိုးစက်ပေးပြီး အိပ်လိုက်မိတာ။ အဲဒီတော့ အချိန်က ၂ နာရီခွဲနောက်ကျနေပြီပေါ့။ ၁၀ နာရီနီးနေပြီမို့ ကျောင်းက အခမ်းအနားလည်း စတင်နေလို့ တစ်နာရီတောင်ပြည့်တော့မယ်။ ကျွန်တော့်အဖြစ်က ပွဲဦးထွက်တာနဲ့ အဲဒီလို စလွဲတော့တာပါပဲ။

ဒီလိုနဲ့ ရေအမြန်ချိုး၊ နံနက်စာကို မနေ့ကဝယ်ထားတဲ့ မုန့်အမြန်စားပြီး ကျောင်းကိုထွက်ခဲ့တော့တယ်။ ကျွန်တော့်အဆောင်ကနေ ကျောင်းကို ၅ မိနစ်လောက် လမ်းလျှောက်ရုံနဲ့ရောက်နိုင်လို့ အချိန်တော့ သိပ်မကြာလိုက်ဘူး။ ကျောင်းအဆောက်အဦထဲ ပထမဆုံး ရောက်ဖူးပြီပေါ့။ အခမ်းအနားအစီအစဉ်အရ ခုနစ်ထပ်မှာရှိတဲ့ Lincoln Hall မှာ အခမ်းအနားကျင်းပမှာဖြစ်လို့ ဓာတ်လှေကားနဲ့တက်ခဲ့တယ်။ Registration ကောင်တာမှာ လက်မှတ်ထိုးပြီး ကျောင်းကထုတ်ပေးတဲ့ ကျောင်းသားကတ်၊ အဖြူရောင်လက်ဆွဲအိတ်နဲ့ လက်ဆောင်ပစ္စည်းပါဆယ်ထုပ်လေးကိုယူခဲ့ပြီး

mgyoe.com

mgyoe.com

ခန်းမထဲဝင်တော့ MPP အကြောင်းကို Presentation လုပ်နေတာ တော်တော်လေးပြီးနေပြီ။ ကိုယ့်ကိုယ်ကိုယ် နောက်ကျပြီထင်နေတာ။ ကျွန်တော် ဝင်ထိုင်ပြီး နှစ်မိနစ်လောက်မှာ နောက်ထပ်အမျိုးသမီး တစ်ဦးဝင်ထိုင်တာ တွေ့လိုက်ရလို့ ငါ့ထက်နောက်ကျသူရှိသေးတာပဲလို့ စိတ်နည်းနည်းသက်သာသွားတယ်။ ဒီကနေ့ အခမ်းအနားရဲ့ ပထမဆုံး အစီအစဉ်အရကျောင်းရဲ့ အကြီးအမှူးဖြစ်တဲ့ ပါမောက္ခ Sang-Woo Nam က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်းနဲ့ ကျောင်းမှာရှိတဲ့ ဌာနမှူးတွေနဲ့ မိတ်ဆက်ပေးခြင်းအစီအစဉ်၊ ပြီးတော့ ၂၀၁၅ နှစ်စမှာ ကျောင်းနေရာ အသစ်ပြောင်းမယ့် "ဆေဂျုံးမြို့"က ကျောင်းသစ်အကြောင်းတွေကို မိတ်ဆက်ရှင်းပြတဲ့ အစီအစဉ်။ အဲဒီအစီအစဉ်နှစ်ခုစလုံး ကျွန်တော် မမီလိုက်တော့ဘူး။ အခု Presentation လည်းခဏပဲနားထောင်လိုက်ရပြီး အစီအစဉ်ပြီးသွားတယ်။

ကျောင်းမှာက မဟာဘွဲ့နှစ်ခုဖြစ်တဲ့ MDP(Master of Development Policy) နဲ့ MPP (Master of Public Policy) ဆိုတာရယ်၊ ပါရဂူဘွဲ့ (PhD) ဆိုတာရယ်ရှိတယ်။ အခုက Program တစ်ခုချင်းစီကို အခန်းခွဲပြီး မိတ်ဆက်ရှင်းပြတာဖြစ်လို့ အဲဒီအစီအစဉ်တွေပြီးသွားတော့ ကျောင်းသားအားလုံးကို ခန်းမထဲပြန်ပေါင်းပြီး သင်တန်းရေးရာ ဌာနက ဘာသာရပ်ဆိုင်ရာတွေနဲ့ပတ်သက်ပြီး ဆက်လက်ရှင်းပြတယ်။ Program တစ်ခုစီမှာ မယူမနေရ ယူရမယ့် Core Courses တွေရယ်၊ အခြေခံ Foundation အဖြစ်သင်ရမယ့် ဘာသာရပ်တွေရယ်ကို ဘယ်လိုရွေးရမယ်ဆိုတာတွေ၊ မဟာဘွဲ့ရဖို့ လိုအပ်တဲ့ သတ်မှတ် Credit တွေ ပြည့်မီအောင် Semester သုံးခုမှာ ဘာသာရပ်တွေ ဘယ်လိုရွေးယူရမယ်ဆိုတာတွေ ရှင်းပြတာပါ။ ကိုရီးယား မလာခင်ကတည်းက ကျောင်း website မှာ ဝင်ကြည့်ပြီး လေ့လာထားတာရယ်၊ မြန်မာမှာရှိစဉ် ဒီကျောင်းမှာတက်ခဲ့ဖူးတဲ့ မိတ်ဆွေလင်မယားထံ သွားတွေ့ပြီး စုံစမ်းမေးမြန်းထားတာရယ်ကြောင့် ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ကျွန်တော်က သိပ်တော့ စိမ်းမနေဘူး။ ပြီးတော့ ကျောင်းသားတစ်ဦးချင်းအလိုက် ကိုယ်ယူရမယ့် ဘာသာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးနိုင်ဖို့ Academic Advisor အမည်စာရင်းကို အခန်းနံရံမှာကပ်ထားလို့ ကျောင်းသားတွေကို ကြည့်ခိုင်းပြီး ကိုယ့်အတွက်

mgyoe.com

mgyoe.com

သတ်မှတ်ပေးထားတဲ့ Advisor နဲ့ လိုက်တွေ့ပြီး ဆွေးနွေး ဖို့ပြောပါတယ်။ ကျွန်တော့် Advisor အမည်က ပါမောက္ခ မစ္စတာ ချွယ်ဆူကီ "Choi, Seulki" တဲ့။ သူရှိတဲ့ အခန်း ၉၄၀၃ ကို သွားတွေ့ပြီး ကျွန်တော် ကြိုရွေးပြီးသား ဘာသာတွေကို ရှင်းပြတော့ အားလုံး အဆင်ပြေပါတယ်တဲ့။

ဆရာနဲ့တိုင်ပင်ပြီး ပြန်လာတော့ လင်ကွန်းခန်းမထဲမှာပဲ နေ့ခင်းစာကိုစားကြတယ်။ ခန်းမပြင်ပမှာ ခင်းကျင်းထားတဲ့ စားစရာတွေအထဲက ကိုယ်ကြိုက်ရာယူစားရုံပါပဲ။Sandwich၊ မုန့်အမျိုးမျိုး၊ သစ်သီးအမျိုးမျိုးနဲ့ ကော်ဖီ၊ အအေးအားလုံးကို စားပွဲပေါ်မှာ တင်ပေးထားတာပဲ။ ညနေ ၃ နာရီမှာ course registration ကို MIS စနစ်ကနေ တစ်ချိန်တည်း ကျောင်းသားအားလုံးလျှောက်ရမှာမို့ ကိုယ်ယူချင်တဲ့ ဘာသာရပ်မှာ လူပြည့်သွားရင် အဲဒီ class ကို မရမှာစိုးရိမ်ပြီး အများထက်ဦးအောင် click လုပ်နိုင်ဖို့ course list ကို သေချာအောင် ထပ်လေ့လာနေတာနဲ့ နည်းနည်းနောက်ကျပြီးမှ စားစရာသွားယူဖြစ်တယ်။ ယူတော့လည်း တစ်ကြိမ်တည်းနဲ့ မုန့်ကော၊ ရေသန့်ဘူးအသေးကော၊ ကော်ဖီခွက်ကော၊ သီးမွှေးငှက်ပျောနဲ့ ပန်းသီးတွေကောဆိုတော့ တစ်ပွေ့တစ်ပိုက်ပါပဲ။ သယ်လာတာတွေ ခုံပေါ်ကလပ်တော့နား တင်လိုက်ချိန် ကော်ဖီခွက်ကို လပ်တော့ပေါ် မမှောက်အောင်ထိန်းပြီး သတိနဲ့ရွှေ့လိုက်ခါမှ ခွက်က အားလွန်ပြီးမှောက်သွားပါတော့တယ်။ လပ်တော့ပေါ်မကျပေမယ့် ခုံနဲ့ ကြမ်းခင်းပေါ် ကော်ဖီတွေဖိတ်ကျကုန်ပါတယ်။ ဒါနဲ့ မုန့်တွေပြင်ထားတဲ့ နေရာနားက တစ်ရှူးတွေတစ်ထပ်ကြီးသွားယူပြီး ခုံနဲ့ကြမ်းပြင်မညစ်ပတ်အောင် ကျောင်းသားတွေရဲ့အလယ်မှာ သုတ်ရပါတော့တယ်။ ပြီးမှ သန့်စင်ခန်းဝင်ပြီး လက်ဆေးရတယ်။ ဒီနေ့ကတော့ အလွဲလေးတွေ၊ အထစ်အငေါ့ လေးတွေနဲ့ ချည်းပါပဲ။ ကျောင်းအမှတ်တံဆိပ်နဲ့ အစိမ်းရောင်ဂျာကင်အင်္ကျီ ထုတ်ပေးလို့ သွားယူပြန်တော့လည်း လူကောင်အသေးဆုံးမို့ Medium size က ကုန်သွားလို့ စာရင်းပဲပေးခဲ့ရတယ်။ သူများတွေက ရပြီးလို့ အဲဒီဝတ်စုံနဲ့ ဓာတ်ပုံတွေ တောင်ရိုက်လို့။ ကျွန်တော့် size အရွယ်ရတော့မှအီးမေးလ်နဲ့အသိပေးမယ်လို့ ကျောင်းသားရေးရာက ပြောလိုက်တယ်။ ကျွန်တော့်အဖြစ်က အဲဒီလို။

ကျွန်တော်တက်မယ့် အခု Fall Session မှာ ကိုရီးယားကျောင်း

mgyoe.com

mgyoe.com

သား ၂၀ ကျော်နဲ့ နိုင်ငံပေါင်း ၄၅ နိုင်ငံက နိုင်ငံတကာ ကျောင်းသား ၇၀ ကျော်၊ စုစုပေါင်း ၉၀ ကျော် တက်ရောက်ကြမှာဖြစ်ပါတယ်။ အာဆီယံ ၁၀ နိုင်ငံမှာ ထိုင်း၊စင်ကာပူ၊မလေးနဲ့ဘရူနိုင်းကလွဲရင် ကျန် ၆ နိုင်ငံစလုံးက ကျောင်းသားတွေပါပါတယ်။ အာဖရိကတိုက်ဆိုရင် ၁၄ နိုင်ငံလောက်က ကျောင်းသားတွေပါတယ်။ ထူးခြားတာက တစ်နိုင်ငံကို ကျောင်းသားအများဆုံး သုံးယောက်ကနေ အနည်းဆုံးတစ်ယောက်အထိပဲ ရွေးရာမှာ မြန်မာရယ်၊ တရုတ်ရယ်၊ ပါကစ္စတန်ရယ်က လေးဦးစီအများဆုံး အရွေးခံရတယ်။ (၂၀၁၄ Fall session တစ်ခုအတွက်ကို ပြောတာပါ) တရုတ်က အမျိုးသမီးချည်း လေးဦးဖြစ်ပြီး ပါကစ္စတန်က အမျိုးသားချည်း လေးဦးဖြစ်တယ်။ ကျွန်တော်တို့ မြန်မာကပဲ အမျိုးသားနှစ်ဦး၊ အမျိုးသမီး နှစ်ဦးမို့ Gender Balance ဖြစ်တယ်ပြောရမယ်။ KOICA (ကိုအီကာ) ပညာသင်ဆုနဲ့ ဒီKDI School of Public Policy and Management မှာ တက်ခွင့်ရသူ မြန်မာကျောင်းသူ နှစ်ဦးစလုံးက အမစလို့ခေါ်တဲ့ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကချည်းဖြစ်ပြီး ကျန်ကျောင်းသားတစ်ဦးကတော့ ဝန်ထမ်းမဟုတ်ဘဲ ပြင်ပကဖြစ်ပါတယ်။ ကျွန်တော်ကတော့ Seoul G20 Global Leaders Fellowship အစီအစဉ်နဲ့ ပညာသင်ဆုရပြီး တက်ခွင့်ရတာပါ။

နေ့ခင်းစာစားပြီးတော့ ကျောင်းသားရေးရာဌာန၊ စာကြည့်တိုက်၊ IT ဌာနစတာတွေရဲ့ တာဝန်ခံတွေက ဌာနအလိုက် အကြောင်းအရာတွေကို မိတ်ဆက်ရှင်းပြကြတယ်။ ပြီးတော့ ၄၅ မိနစ်စာ အခြေခံသင်္ချာစာမေးပွဲလေးဖြေရတယ်။ ဒီစာမေးပွဲရမှတ်ကို ကြည့်ပြီး ဒီ class ကို တက်သင့်၊ မသင့်မှတ်ချက်ပေးမယ်လို့ဆိုပါတယ်။ မူဝါဒတွေကို ခွဲခြမ်းစိတ်စစ် (Analysis) လုပ်ရမှာ ကိန်းဂဏန်းတွေ၊ စာရင်းအင်းဆိုင်ရာတွက်ချက်မှုတွေပါမှာဖြစ်လို့ အခြေခံကျွမ်းကျင်မှုရှိဖို့လိုအပ်တဲ့အတွက် စစ်ဆေးတာပါ။ ကျွန်တော်ကတော့ ဂျီတီအိုင်ကျောင်းသားဘဝမှာ သင်္ချာကိုတော်တော်လေးသင်ခဲ့ရလို့ သိပ်အခက်အခဲမရှိဖြေနိုင်ပေမယ့် ညနေပိုင်း course registration လုပ်တော့ ဒီဘာသာရပ်ကို ထပ်သင်ဖို့ စာရင်းသွင်းလိုက်ပါတယ်။ ပြည်ပမှာရသမျှပညာဟာ ကျွန်တော့်အတွက် အမြတ်ချည်းမို့ အခွင့်ရသမျှ သင်ယူဖို့

mgyoe.com

mgyoe.com

ဆုံးဖြတ်ထားလို့ပါ။ တစ်ဖက်မှာလည်း လောဘကြီးကြီးနဲ့ ဘာသာတွေ အများကြီးယူထားပြီး စာမလိုက်နိုင်ဘဲ အမှတ်နည်းလို့လည်း မဖြစ်ပြန်ဘူး။ ကျွန်တော်ရတဲ့ ပညာသင်ဆုက Semester တစ်ခုစီမှာ Grade Point Average - GPA 3 နဲ့ 4 အကြား မထိန်းထားနိုင်ရင် ပြန်ရုပ်သိမ်းခံရမှာပါ။ ပေးပြီးသား ပညာသင်ဆုငွေကိုတောင် ပြန်ပေးသွင်းရမယ်ဆိုတာကို သဘောတူကြောင်း ကျောင်းသားတိုင်းက Acceptance Letter မှာ လက်မှတ်ထိုးပေးထားရတာပါ။

ကျောင်းကအစီအစဉ်တွေအားလုံးပြီးတော့ မြန်မာက ပညာသင်ဆုရတဲ့ ညီမတစ်ဦးက ကျောင်းသားရေးရာဌာနမှာ အလုပ်သင်ဆင်းနေတဲ့ ချင်းတိုင်းရင်းသူတစ်ဦးနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးလို့ မြန်မာစကားပြောလို့ရမယ့်သူတစ်ဦးတွေ့ပြီဆိုပြီး ဝမ်းသာသွားရပါတယ်။ သူမက အရင်နှစ်ကတည်းက ကျောင်းပြီးသွားပေမယ့် ဘွဲ့ယူစာတမ်းဆက်ရေးရင်း ကျောင်းမှာ အလုပ်သင်ဆင်းနေတာပါ။ အရင်နှစ်ကအတန်းတွေမှာ မြန်မာကျောင်းသူ/ သားတွေ မပါဘဲ အခု Fall အတန်းမှာမှ လေးယောက်ပါလာလို့ သူမလည်း အားရဝမ်းသာဖြစ်နေပုံရပါတယ်။

ဒီနေ့အတွက် အစီအစဉ်တွေ ညနေ ၄ နာရီခွဲမှာ အားလုံးပြီးပြီဆိုတော့မှ ကျောင်းစဖွင့်ရက် အမှတ်တရဓာတ်ပုံရိုက်ဖို့သတိရမိတော့တယ်။ ကိုယ့်နိုင်ငံက ကျောင်းသားတွေနဲ့ရိုက်ဖို့ စီစဉ်ပေမယ့် သူတို့ရတဲ့ ပညာသင်ဆုနဲ့က တချို့အစီအစဉ်တွေမှာ မတူလို့ သူတို့က စောစောပြန်သွားကြတာနဲ့မရိုက်ဖြစ်လိုက်တော့ဘူး။

ကျောင်းဆောင်အဝင်ရှေ့မှာ ကျွန်တော်တို့ Fall ကျောင်းသားတွေကို ကြိုဆိုတဲ့ စာတန်း ချိတ်ထားပါတယ်။ ဒီလိုနေ့မျိုးမှာ ဒီစာတန်းရှေ့ ဓာတ်ပုံမရိုက်ဖြစ်ရင် နောင်မှာ ပြန်ရိုက်ယူလို့ မရနိုင်တော့ပါဘူး။ ဒါ့ကြောင့် ကျောင်းကအပြန်မှာ တစ်ဦးဦးကိုအကူအညီတောင်းပြီး ဓာတ်ပုံရိုက်ခိုင်းမယ် စိတ်ကူးတုန်း ကျောင်းအပြင်ကို ထွက်လာတဲ့ အာဖရိကကျောင်းသားတစ်ဦးကို တွေ့တာနဲ့ စာတန်းလည်းပါအောင်၊ လူပုံလည်း မကျန်ရအောင် ကျကျနနချိန်ပြီး ရိုက်ပေးဖို့ သူ့ကိုပြောပြနေတုန်း "ဗြုန်း"ဆို ကျွန်တော့် ညာဘက်ကို တစ်စုံတစ်ဦးဝင်ကပ်ပြီး ရပ်လိုက်တာ သိလိုက်ရပါတယ်။
mgyoe.com

mgyoe.com

ပါးစပ်ကလည်း "ကင်ချီ" အသံပြုပြီး ဓာတ်ပုံအရိုက်ခံလို့..။

"ဟိုက်"...

သွားပြီ...။ လှည့်ကြည့်မိတော့ ... အာဖရိကကျောင်းသူ။ ကျောင်းက ထုတ်ပေးတဲ့ဂျာကင်အင်္ကျီဝတ်လို့။ ကျစ်ဆံမြီးကျစ်ထားတဲ့ ဆံပင်တွေနဲ့။ ပါးစပ်ကလည်းဖြီးလို့။ ကပ်ချင်းလာကပ်ရင် ကိုရီးယားတို့၊ တရုတ်တို့က ချောချောလေး၊ ဖြူဖြူလေးတွေလာကပ်ပေါ့ (ဟဲ ... ဟဲ)။ ခုတော့ အသားမည်းမည်း ဇင်ဘာဘွေသူတဲ့။ တကယ်ပါပဲ။

ဒီနေ့ တစ်နေ့လုံး ပွဲဦးထွက်ကတည်းက လွဲတာဆိုတော့ ပွဲသိမ်းတဲ့ထိကို လွဲတော့တာပါပဲ ခင်ဗျား။

■

mgyoe.com

mgyoe.com


## မှတ်သားဖွယ် စကားတစ်ခွန်း

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၃ ရက်၊ ဗုဒ္ဓဟူးနေ့။

မနေ့က ပွဲဦးထွက်လွဲထားလို့ ဒီကနေ့တော့ စောစောစီးစီးထပြီး ပြင်ဆင်နေမိတယ်။ ဖုန်းကနာရီကိုလည်း ကိုရီးယားစံတော်ချိန်ပြောင်းထားလိုက်ပြီ။ ကျောင်းကစီစဉ်ကျင်းပပေးတဲ့ မနေ့က ကြိုဆိုပွဲမှာ ကိုရီးယားကျောင်းသားရော၊ နိုင်ငံတကာကျောင်းသားရော တက်ရောက်ကြရပေမယ့် ဒီကနေ့လုပ်တဲ့အစီအစဉ်ကိုတော့ နိုင်ငံတကာက ကျောင်းသားတွေပဲ တက်ရောက်ရပါတယ်။

ပထမဆုံး အစီအစဉ်အရ ကျောင်းသားတိုင်းအတွက် ဘဏ်စာရင်းဖွင့်ပေးတဲ့ ကိစ္စကိုဆောင်ရွက်ပေးပါတယ်။ သိတဲ့အတိုင်းပါပဲ။ ဖွံ့ဖြိုးပြီးနိုင်ငံတိုင်းမှာ ငွေစက္ကူကို ကိုင်သုံးတာ နည်းပါးပြီး ကတ်စနစ်ပဲသုံးနေကြတာဆိုတော့ အဲဒီလို ကတ်သုံးနိုင်ဖို့ လိုအပ်တဲ့ ဘဏ်စာရင်းကို ဖွင့်ပေးတာပါ။ ကျောင်းသားတစ်ဦးချင်းစီကို ဖြည့်စွက်ရမယ့်ပုံစံအလွတ်တစ်စောင်စီရယ်၊ နမူနာဖြည့်ပြထားတဲ့ပုံစံတစ်စုံစီရယ် နှစ်စုံပေးပါတယ်။ ပုံစံတွေက ကိုရီးယား ဘာသာစကားနဲ့ရေးထားတာတွေပါ။ ဖြည့်ရမယ့် နေရာတွေကို High Lighter နဲ့ ဝိုင်းပြထားပြီး Stage စင်မြင့်ပေါ်ကနေ ကျောင်းသားရေးရာဌာနတာဝန်ရှိသူတစ်ဦးက Power Point ထိုးပြပြီး

mgyoe.com

mgyoe.com

ဒီနေရာမှာ Password နံပါတ်ရေး၊ ဒီနေရာမှာ အမည်နဲ့ လက်မှတ်ရေး စတာတွေ ပြောပြပေးနေတာပါ။ ပြီးတော့ကျွန်တော်တို့ရဲ့ပတ်စပို့နဲ့အတူ ပုံစံကို ဖြည့်ပြီးပြန်ပေးလိုက်ရပါတယ်။ အခုလာမယ့် စက်တင်ဘာ (၇) ရက်ကနေ (၁၀) ရက်အထိက ကိုရီးယားနိုင်ငံရဲ့ ချူဆုတ် (Chusok) အလုပ်ပိတ်ရက်ဖြစ်လို့ ရုံးပြန်ဖွင့်ပြီး တစ်ပတ်ကျော်လောက်မှ ဘဏ်အကောင့် ရမယ်လို့ ပြောပါတယ်။

ဘဏ်စာရင်းကိစ္စပြီးတော့ အာမခံထားရေးကိစ္စ။ Dongbu Insurance ကုမ္ပဏီက အာမခံ အမျိုးအစားတွေနဲ့ ပတ်သက်ပြီးလာရောက် ရှင်းပြတာဖြစ်ပြီး ကျွန်တော်တို့ ကျောင်းသားတွေက အာမခံထားဖို့ သဘောတူတဲ့ form ကို လက်မှတ်ထိုးပေးရပါတယ်။ အာမခံမရှိမဖြစ် ထားရတဲ့စနစ်ဖြစ်လို့ ငြင်းမရပါဘူး။ ငြင်းချင်ရင် တခြားမှာ အာမခံလုပ် ထားတဲ့ အထောက်အထားပြမှရပါတယ်။ သူတို့က အခုမှ ကျောင်းသား ထံက အာမခံထားဖို့ သဘောတူကြောင်း လက်မှတ်ကိုယူနေတာပါ။ ကျွန်တော်တို့အမည်နဲ့ Certificate of Insurance ဆိုတဲ့ အာမခံထားတဲ့ လက်မှတ်က ၂၈. ၈. ၂၀၁၄ နေ့စွဲနဲ့ အရန်သင့်ယူလာပြီးသားကို စားပွဲပေါ် တင်ပေးထားလို့ ကိုယ့်အမည်ပါတဲ့လက်မှတ်ရှာယူပြီး လက်ခံလိုက်ရုံ သက် သက်ပါပဲ။ ကျွန်တော့်ဘေးနားက လူဖြူကျောင်းသားတစ်ဦးက အာမခံ လက်မှတ်ကို ဖတ်ကြည့်ပြီး ကျွန်တော့်ကိုပြောတယ်။ "မင်းကို ငါသတ် လိုက်မယ်။ ပြီးရင် ဒီငွေရဲ့တစ်ဝက်ကို မင်းရဲ့မိသားစုကိုပေးမယ်။ ကျန်တစ် ဝက်ကို ငါ့မိသားစုကိုပေး။ ဘယ်လိုလဲ" တဲ့။ ရွှတ်နောက်ပြီး ပြောတာပါ။ သူ့လက်ညှိုးနဲ့ထောက်ပြတဲ့ အာမခံထားသူ အသက်သေဆုံးရင်ပြန်ရနိုင်တဲ့ ငွေပမာဏကို ကြည့်လိုက်တော့ ကိုရီးယားဝမ်သိန်းတစ်ထောင်။ သေဆုံးမှု နဲ့ပတ်သက်ပြီး အာမခံပေးတာ။ ဒါနဲ့ ကျွန်တော်ကလည်း "ဟုတ်တာပေါ့၊ သေသင့်တာပေါ့" လို့ ပြန်နောက်လိုက်တယ်။ အာမခံအဖြစ်ထည့် ရမယ့် ငွေက ဝမ်၂သိန်းလား၊ ၂သိန်းခွဲလား မမှတ်မိတော့ဘူး။ လစဉ် ကျွန်တော် တို့ရမယ့် ပညာသင်ဆုငွေထဲကနေ နုတ်ယူသွားမှာလို့ ရှင်းပြပါတယ်။

ဆက်လက်ပြီး ကိုရီးယားရဲတပ်ဖွဲ့က လုံခြုံရေးနဲ့ပတ်သက်ပြီး အသိပေးရှင်းလင်းပါတယ်။ လူငယ်ရဲအရာရှိတစ်ဦးက ကိုရီးယားလိုရှင်းပြ

mgyoe.com

mgyoe.com



ပြီး ကျောင်းသားရေးရာက ဝန်ထမ်းအမျိုးသမီးတစ်ဦးက အင်္ဂလိပ်လိုဘာသာပြန်ပေးပါတယ်။ ရဲအရာရှိက ကိုရီးယားမင်းသားလို ချောချော ဖြောင့်ဖြောင့်ရုပ်ရည်ရှိသူပါ။ The Minor Offenses Act အကြောင်းက စပြီး ကိုယ့်ကို Physically attack လာလုပ်ရင် ဘာပြန်လုပ်ရမယ်ဆိုတာ အပါအဝင် လမ်းဖြတ်ကူးရင် လိုက်နာရမယ့်စည်းကမ်း၊ တရားမဝင်အလုပ်လုပ်ရင် အရေးယူခံရမယ့်စည်းကမ်း၊ (ကျွန်တော်တို့ နိုင်ငံတကာ ကျောင်းသားအားလုံးက ကျောင်းသားဗီဇာ D2 နဲ့လာကြတာမို့ အချိန်ပိုင်းကော၊ အချိန်ပြည့်ကော လုံးဝ အလုပ်လုပ်ခွင့်မရှိပါဘူး။ ဒါ့ကြောင့် လုပ်ရင် ဘယ်လိုအရေးယူခံရမယ်ဆိုတာမျိုး) ကိုယ့်ကိုအန္တရာယ်ပြုလာရင် အရေးပေါ်နံပါတ် ၁၁၀ ကိုခေါ်ဖို့၊Sex Crime ဖြစ်ရင် အရေးပေါ်နံပါတ် ၁၁၇ ကိုခေါ်ဖို့၊ မီးလောင်မှုနဲ့ ကျန်းမာရေးကိစ္စဖြစ်ရင် ၁၁၉ ကိုခေါ်ဖို့ စတာတွေကို Power Point နဲ့ရှင်းပြပါတယ်။ နေရာတိုင်းမှာ CCTV ကင်မရာတွေရှိနေလို့ လုံခြုံရေးအတွက် ဘာမှစိုးရိမ်စရာမရှိဘူးလို့လည်း ပြောသွားပါသေးတယ်။ ဖြစ်နိုင်ပါတယ်။ ကျွန်တော့်အဆောင်မှာတောင် တံခါးမဝင်ပေါက်ကစလို့ ဓာတ်လှေကားရှေ့နဲ့ အဆောင်တွင်းက Passage တစ်လျှောက်တပ်ထားတဲ့ CCTV ကင်မရာတွေက နည်းမှမနည်းတာ။ Sex Crimeနဲ့ ပတ်သက်ပြီးရှင်းပြတော့ ဘာသာပြန်ပေးတဲ့ ကိုရီးယား ဝန်ထမ်းအမျိုးသမီး

mgyoe.com

mgyoe.com



က This is important for women. လို့အသိပေးသွားတာကို လူဖြူ ကျောင်းသားတစ်ဦးက အမျိုးသားတွေ အကြမ်းဖက်ခံရရင်ကောလို့ ပြန်လှန် မေးတော့ သူမကပြန်မဖြေဘဲ အမျိုးသမီးတွေပဲ အဓိကဂရုစိုက်ဖို့ ရယ်ပြီး ထပ်ပြောသွားလို့ မေးတဲ့ကျောင်းသား နည်းနည်း အောင့်သက်သက်ဖြစ် သွားပုံ တွေ့လိုက်ရပါတယ်။ သတိသာပေးတာပါ။ ကမ္ဘာ့နိုင်ငံတွေထဲမှာ အမျိုးသမီးတွေအတွက် လုံခြုံမှုအရှိဆုံး တိုင်းပြည်အဖြစ် တောင်ကိုရီးယား က နာမည်ရပြီးသားပါ။

ဒီအစီအစဉ်တွေပြီးတော့ နေ့လယ်စာစားချိန်။ မနေ့က နေ့လည်စာ မုန့်တွေချပေးတဲ့ နေရာကို မယောင်မလည် သွားကြည့်တော့ ပြောင်ရှင်းနေ တာပဲ။ ဘာမှချမပေးထားဘူး။ သေချာပါပြီ။ မနေ့က ကြိုဆိုပွဲနေ့မို့ နေ့လယ်စာဧည့်ခံမှာကို အစီအစဉ်ဇယားထဲမှာ ထည့်ရေးထားတာ။ ဒီနေ့ အစီအစဉ်ဇယားမှာ နေ့လယ်စာကို ထည့်မရေးထားတော့ ကိုယ့်အစီအစဉ်နဲ့ ကိုယ်စားရမယ်ဆိုတာသေချာသွားပြီပေါ့။ ကျွန်တော့်အဆောင်ကို ၅ မိနစ် လောက်ပဲ လမ်းလျှောက်ရင်ရောက်လို့ အဆောင်ပြန်ပြီး ထမင်းစားလိုက် တယ်။ ထမင်းပြန်မစားခင် ၁၀ မိနစ်လောက် လမ်းလျှောက်ရတဲ့ အကွာ အဝေးမှာရှိတဲ့ Woori Bank (ဝူရီဘဏ်) ကို သွားပြီး ပါလာတဲ့ ဒေါ်လာ ၂၀၀ ကို ဝမ်နဲ့သွားလဲလိုက်ရသေးတယ်။ ကျွန်တော်တို့ ကျောင်းသားကတ် ကိုလည်း ဒီဘဏ်ကပဲ ထုတ်ပေးထားတာဆိုတော့ ဝူရီဘဏ်နဲ့ ကျွန်တော် တို့ ကျောင်းက လုပ်ငန်းသဘောအရ ချိတ်ဆက်ထားတာ ဖြစ်နိုင်တယ်။ ဘဏ်နဲ့ ကျောင်းနဲ့ အလှမ်းနီး တာလည်းပါမှာပေါ့။ ပြီးတော့ ကျွန်တော်တို့ ကျောင်းတစ်ဝိုက်ကို တက္ကသိုလ်နယ်မြေလို့ ပြောရမလား။ ကွန်ဟီးယူနီ ဗာစီတီရှိတယ်။ ကိုရီးယားယူနီဗာစီတီရှိတယ်။ ပြီးတော့ ကျွန်တော်မသိ သေးတဲ့ တက္ကသိုလ်တွေ တော်တော်များများရှိသေးတယ်။ ဒီလိုတက္ကသိုလ် တွေ ပေါတဲ့နေရာမှာ ဒီဘဏ်ရှိနေတော့ ကျောင်းသားတွေ ငွေထုတ်ငွေလဲ၊ ငွေလွှဲဖို့အဆင်ပြေတာပေါ့။ ဒီကနေ့ငွေလဲနှုန်းက တစ်ဒေါ်လာကို ၉၉၉.၉၀ ဝမ်ဆိုတော့ ၁၀၀၀ ဝမ်ပဲဆိုပါတော့။ လွန်ခဲ့တဲ့နှစ်ရက် လေဆိပ်မှာလဲတုန်း က ၉၇၃ ဝမ်။ ငွေလဲနှုန်းအတက်အကျကတော့ အပြောင်းအလဲ မြန်သား။

ညနေပိုင်းအစီအစဉ်မှာ အဆောင်နေကျောင်းသားတွေ အဆောင်

mgyoe.com

mgyoe.com



နဲ့ ပတ်သက်တာ သိနိုင်ဖို့ ဆက်ပြီးရှင်းပြပါတယ်။ အဆောင်မှာ ဘယ်လို စည်းကမ်းတွေ လိုက်နာရမယ်ဆိုတာမျိုးပေါ့။ အဆောင်တွေရဲ့ Quiet Hours က 11 pm ကနေ နောက်တစ်နေ့ 8am ဖြစ်လို့ အဲ့သည့်အချိန်တွေမှာ ဆူညံခြင်း၊ သီချင်းသံကျယ်ကျယ်ဖွင့်ခြင်းတွေနဲ့ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပြုဖို့၊ အမှိုက်စွန့်တဲ့ စည်းကမ်းတွေလိုက်နာဖို့၊ အဆောင်ကပစ္စည်းတွေ မပျက်စီးရအောင်ထိန်းသိမ်းဖို့၊ အဆောင်နဲ့ပတ်သက်ပြီး လိုအပ်တာရှိရင် လက်ထောက်အဆောင်မှူး(Dormitory Assistant-DA) တွေကတစ်ဆင့် အကူအညီတောင်းဖို့တွေ ရှင်းပြပြီး အဆောင် အသီးသီးက DAတွေနဲ့ တစ်ဦးချင်းစီ မိတ်ဆက်ပေးပါတယ်။ DA တွေက ကျောင်းသား/သူတွေထဲကပဲဖြစ်ပြီး ဆန္ဒအလျောက် DA အလုပ်ကို လျှောက်ထားပြီး လုပ်လို့ရပါတယ်။ ခံစားခွင့်အနေနဲ့ အဆောင်လခ ကင်းလွတ်ခွင့် DAတွေ ရကြပါတယ်။

နောက်အစီအစဉ်အရ ပညာတော်သင်ဆုတစ်ခုချင်းစီအလိုက် Presentation လုပ်ပါတယ်။ ကျွန်တော်ရတဲ့ Seoul G20 Global Leader Fellowship ပညာသင်ဆုက လုပ်သက် ၆ နှစ်အထက်ရှိတဲ့ အစိုးရဝန်ထမ်း၊ ဌာနခွဲအထက်တာဝန်ယူရတဲ့ ရာထူးရှိတဲ့သူမျိုးကိုပေးတာပါ။ တောင်ကိုရီးယားနိုင်ငံ၊ဆိုးလ်မြို့မှာ ၂၀၀၀ခုနှစ်က G 20 Summit ကျင်းပနိုင်ခဲ့တာကို ဂုဏ်ပြုအမှတ်တရအနေနဲ့ ဒီပညာသင်ဆုကို တီထွင်ပြီး ချီးမြှင့်ခဲ့တာပါ။ ကိုအီကာ ပညာသင်ဆုကတော့ ကိုရီးယားအစိုးရက တိုက်ရိုက်ပေးတဲ့ ပညာသင်ဆုဖြစ်ပြီးတော့ နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ Korea International Cooperation Agency -KOICA က တစ်ဆင့် ချီးမြှင့်တာပါ။ Global Ambassador Scholarship ကတော့ နိုင်ငံတကာကျောင်းသား အများစုရရှိတဲ့ ပညာသင်ဆုဖြစ်ပြီးတော့ အသွားအပြန် လေယာဉ်ခကိုတော့ ကျောင်းသားကကျခံရတာပါ။ ဒီပညာသင်ဆုသုံးခုအပြင် အချို့ကိုရီးယားကုမ္ပဏီကြီးတွေက ပေးတဲ့ ပညာသင်ဆုနဲ့ ဒေသအလိုက်(အာဖရိက၊ အာရှစသည်) သတ်မှတ်ပြီးပေးတဲ့ ပညာသင်ဆုတွေလည်း ရှိပါသေးတယ်။ ဒီပညာသင်ဆုတစ်ခုချင်းဆီအလိုက် လစဉ်

mgyoe.com

mgyoe.com

ရမယ့်စတိုင်ပင်ပမာဏ၊ လအလိုက် ထုတ်ပေးမယ့်ရက်၊ ခွင့်ယူတဲ့ရက်တွေနဲ့ ကျောင်းပိတ်ရက်တွေမှာ ပေးမယ့်အစီအစဉ်၊ ပညာသင်ဆုရတဲ့ အတွက် လိုက်နာရမယ့်စည်းကမ်းစတာတွေကို ပညာသင်ဆုတစ်မျိုးချင်းစီအလိုက် သက်ဆိုင်ရာပညာသင်ဆုရ ကျောင်းသားတွေကို အုပ်စုခွဲပြီး သီးခြား အခန်းတွေထဲမှာ ပညာသင်ဆုတာဝန်ခံ ဝန်ထမ်းတွေက အသေးစိတ်ရှင်းပြပါတယ်။

နောက်ဆုံးအစီအစဉ်အရ ကိုရီးယားသမိုင်းနဲ့ယဉ်ကျေးမှုအကြောင်းကို မိတ်ဆက်ရှင်းပြတဲ့ အစီအစဉ်ဆက်လုပ်ပါတယ်။ ကျောင်းသားအားလုံးကို အုပ်စုနှစ်စုခွဲလိုက်တော့ ကျွန်တော်က ဒုတိယအုပ်စုထဲပါသွားပါတယ်။ ပထမအုပ်စုကို ခန်းမထဲ ရှင်းပြပြီးတဲ့နောက်မှာ အခန်းပြင်ကို ခေါ်ထုတ်လာပြီး အပြင်မှာ အသင့်ပြင်ဆင်ပေးထားတဲ့ ကိုရီးယားရိုးရာဝတ်စုံတွေကို ယောကျ်ားလေးရော၊ မိန်းကလေးရော ယူဝတ်ကြရပါတယ်။ ကိုရီးယားရိုးရာယဉ်ကျေးမှု အကြောင်းကိုရှင်းပြတဲ့ ကိုရီးယားဝတ်စုံဝတ် အမျိုးသမီးကြီးကလည်း သူတို့ဝတ်စုံ မဝတ်တတ်တဲ့ကျောင်းသား/ ကျောင်းသူတွေကို လိုက်လံပြီး တစ်ဦးချင်းစီဝတ်ပေးနေပါတယ်။ ကျွန်တော်တို့ ဒုတိယအဖွဲ့ကိုလည်း ဝတ်စုံတွေတစ်ခါတည်းဝတ်လို့ရတယ် ပြောလို့ ဝတ်လိုက်ကြပြီး အုပ်စုလိုက်အမှတ်တရ ဓာတ်ပုံရိုက်ကြပါတော့တယ်။ ဓာတ်ပုံရိုက်ပြီးတော့ စားပွဲပေါ်မှာ ခင်းကျင်းပြင်ဆင်ထားတဲ့ ကိုရီးယား အစားအစာတွေနဲ့ ခေါင်ရည်လို ရိုးရာအရည်တစ်မျိုးကို ဖန်အကြည်စား ခွက်အဝိုင်းလေးနဲ့ ငှဲ့ထည့်ပေးတာကို သောက်ရပါတယ်။ ကျွန်တော်က အရည်ရဲ့ အရသာကို မခံစားတတ်သူဆိုတော့ ဘယ်လို အရသာဆိုတာမျိုး မပြောပြတတ်ပါဘူး။ များများသောက်ရင်တော့ ရီဝေဝေ ဖြစ်လာမလားပဲ။ သူတို့ ကိုရီးယားရိုးရာဝတ်စုံကိုဝတ်ပြီး ကိုရီးယားရိုးရာ အစားအစာကိုစားနေကြတာဆိုတော့ ကျွန်တော်တို့ နိုင်ငံတကာက ကျောင်းသားအားလုံး ဒီတဒင်္ဂလေးမှာတော့ ကိုရီးယားလူမျိုးဘဝ ခဏကူးပြောင်းသွားသလိုဖြစ် သွားရတာပေါ့။ အာဖရိကတိုက်က အသားမည်းနက်နက်လည်း ကိုရီးယားဝတ်စုံနဲ့။ ပြင်သစ်က လူဖြူလည်း ကိုရီးယားဝတ်စုံနဲ့။ ကျွန်တော်တို့လို လူဝါတွေလည်း ကိုရီးယားဝတ်စုံနဲ့။

mgyoe.com

mgyoe.com


စားသောက်ပြီးတော့ ကျွန်တော်တို့ ဒုတိယအဖွဲ့ ရှင်းလင်းပွဲပြုလုပ်မယ့် Ambassador Hall ထဲဝင်ပြီး Korea Sprit and Culture Promotion Project (KSCPP) ကနေ Presentation လုပ်တာကို ကြည့်ရှုကြပါတယ်။ ကြေးခေတ်ကစလို့ ယနေ့ ဖွံ့ဖြိုးတဲ့နိုင်ငံစာရင်းဝင်တဲ့အထိကိုရီးယားနိုင်ငံအားထုတ်ခဲ့မှု၊အောင်မြင်မှုတွေကို ဗွီဒီယို Slide တွေနဲ့ ရှင်းပြပါတယ်။ အသက်ကြီးသူတွေကို သူတို့ဓလေ့အရ ဂါရဝပြုတဲ့ ပုံစံကိုလည်း လက်တွေ့သရုပ်ဆောင်ပြပြီးတော့ ကျွန်တော်တို့ ကျောင်းသားတွေထဲက volunteer ခေါ်ပြီး လက်တွေ့ပါဝင်လုပ်ခိုင်းပါတယ်။ အေးမြလှတဲ့ အဲယားကွန်းခန်းမထဲက ဆုံလည်ကုလားထိုင်ပေါ် အငြိမ့်သားထိုင်ပြီး နားဝင်ချိုဖွယ် တီးလုံးသံစဉ်နောက်ခံနဲ့ ကြည့်ကောင်းလှတဲ့ ရိုက်ချက်တွေပါတဲ့ ဗွီဒီယိုဆလိုက်လေးတွေကို ငေးမောကြည့်ရင်း ကိုရီးယားရိုးရာဝတ်စုံဝတ်ထားတဲ့ ကိုရီးယားသူလေးတွေ စားပွဲပေါ်လာချပေးတဲ့ ကိုရီးယားရိုးရာမုန့်ကိုစား၊ ခေါင်ရည်လိုမျိုးကိုမော့နဲ့ စည်းစိမ်ကျနေတာ ကိုယ့်ကိုကိုယ်သတိပြုမိသွားလို့ "ဟဲ ... ဟဲ ... ခုတော့ ဒိမ်ကျလို့ပေါ့။ ကျောင်းဖွင့်လို့စာစသင်မှ အိပ်ချိန်မရှိလောက်အောင် စာတွေနဲ့ သွေးပျက်မလားပဲ"လို့ တစ်ကိုယ်တည်းတွေးမိရင်း ပြုံးလိုက်ပါသေးတယ်။

ရှင်းလင်းပြသတဲ့စနစ်ကလည်းကောင်း၊ နည်းပညာကလည်းကောင်းတော့ ပေးချင်တဲ့ message ကို ကွင်းခနဲ ကွက်ခနဲရပါတယ်။ ကျွန်တော် မှတ်မှတ်သားသားဖြစ်မိတဲ့ အကြောင်းအရာတစ်ခုကတော့ လွန်ခဲ့တဲ့နှစ် ၇၅၀ ကျော်လောက်ကတည်းက တည်ရှိခဲ့တဲ့ "တိပိဋကကိုရီးယား" ဆိုတာပါ။ UNESCO က ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရတဲ့ နေရာတစ်ခုဖြစ်ပြီး ပိဋကတ်တွေ မပျက်စီးရလေအောင် အဆောက်အဦကိုစီမံထားတဲ့ နည်းစနစ်က ကောင်းမွန်လို့ နှစ် ၇၀၀ ကျော်က သူတို့လူမျိုးတွေရဲ့ ဆောက်လုပ်ရေးအသိပညာမြင့်မားမှုကို အသိအမှတ်ပြုမိသွားရပါတယ်။ လေဝင်လေထွက်မှန်စေဖို့ ကြမ်းခင်းကို ရွှံ့မြေတစ်ထပ်၊ ဆားကတစ်လွှာ၊ မီးသွေးကတစ်ထပ်၊ နောက်ဆုံးမှ ရွှံ့မြေတစ်လွှာတို့နဲ့ စနစ်တကျ စီစဉ်ထားတာတွေပြတဲ့ ဗွီဒီယိုဆလိုက်ကို မြင်ရတော့ အင်ဂျင်နီယာပညာ အခံနည်းနည်းရှိတဲ့ ကျွန်တော့်အတွက် အလိုအလျောက် စိတ်

mgyoe.com

mgyoe.com

ဝင်တစားနဲ့ လေ့လာမိသားဖြစ်သွားပါတယ်။ ဒီတိပိဋကမှာ 52 million characters ရှိတယ်ဆိုပြီးလည်း ပြောသွားပါသေးတယ်။ (ဒီအကြောင်းအရာတွေကို စိတ်ဝင်စားရင်တော့ www.kscpp.net မှာ ဝင်ရောက် လေ့လာလို့ရပါတယ်) ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လို့ ကိုယ့်ဘာသာရေးဆိုင်ရာကို ပိုစိတ်ဝင်စားပြီး ဂုဏ်ယူချင်တာကြောင့်လည်း မှတ်မှတ်သားသားဖြစ်မိသွားတာနေမှာပါ။ တိပိဋကတွေ ပြုစုထိန်းသိမ်းထားရှိခဲ့တဲ့ ကိုရီးယားမြေမှာ ဒီကနေ့မှာတော့ ဗုဒ္ဓဘာသာဝင်ဦးရေက ခရစ်ယာန်ဘာသာဝင်ဦးရေထက် လျော့နည်းနေခဲ့ပါပြီ။ ဟင်းကောင်းစားရရင် ကိုယ်ချစ်ရတဲ့သူတွေကို သတိရသလိုမျိုးပါပဲ။ အတွေ့အကြုံကောင်းလေးတွေ၊ အသစ်အဆန်းလေးတွေနဲ့ ယခုလိုကြုံရတော့ ချစ်သူခင်သူတွေကို အတူရှိနေပြီး ဝေမျှခံစားစေချင်တဲ့စိတ်ဖြစ်ပေါ်မိပေမယ့် လက်တွေ့မှာ တကယ်မဖြစ်နိုင်မှန်းသိလို့ အခုလို အတွေ့အကြုံဆောင်းပါးလေးတွေ ရေးပြီးတော့ပဲ တစ်ဆင့်ခံ ဝေမျှလိုက်ရပါတော့တယ်။

KSCPP က ရှင်းပြတဲ့အထဲမှာ ကိုရီးယားလူမျိုးတွေ သိပ်ကိုလေးစားတန်ဖိုးထားတဲ့ ဘုရင်တစ်ပါးအကြောင်းပါပါတယ်။ "ဆေဂျုံးဘုရင်" ပါ။ ဘုရင်ရဲ့ သူ့ပြည်သူတွေအပေါ်ထားတဲ့ စေတနာနဲ့ ပြည်သူတွေအကျိုးအတွက် သူလုပ်ကိုင်ခဲ့တာတွေကို အင်္ဂလိပ်ဘာသာစကားနောက်ခံစကားပြောနဲ့ ရှင်းပြနေရင်း Projector ကထိုးပြတဲ့ စာသားလေးကို ကျွန်တော် ဖတ်မိပြီး ချက်ချင်းစွဲလမ်း သဘောကျမိသွားပါတယ်။ စိတ်ထဲကလည်းဘုရင်ကို ဦးညွှတ်လိုက်မိပါတယ်။ သူပြောခဲ့တဲ့စကားက...

"The duty of the King is to love his people."

King Saejong တဲ့။

စကားလုံးတိုသလောက် သိပ်ထိမိတဲ့စကားပါပဲ။ ပြည်သူကိုချစ်တဲ့ဘုရင်ရဲ့ သူချစ်တဲ့ ပြည်သူတွေအပေါ် စွမ်းဆောင်ပေးခဲ့မှုတွေကြောင့် ကိုရီးယားနိုင်ငံ ဒီကနေ့အခြေအနေလို ကမ္ဘာ့ထိပ်တန်းရောက်အောင် အခြေခံအုတ်မြစ်ကောင်းတွေ ချပေးနိုင်ခဲ့တာ အလွန်ကို ထင်ရှားတဲ့သမိုင်း သက်သေ

mgyoe.com

mgyoe.com


ပါပဲ။ ပြည်သူကိုချစ်တဲ့ ဘုရင်နဲ့ ဘုရင်ကိုချစ်တဲ့ ပြည်သူတို့ကြောင့် ဒီလူမျိုး ဒီလိုအဆင့်အတန်းမျိုးကို ဒီကနေ့ရောက်ရှိလာရတယ်ဆိုတာကို ယုံကြည်လက်ခံလာမိပါတယ်။ "သေနတ်ဆိုတာ မိုးပေါ်ထောင်ပစ်ဖို့ မဟုတ်ဘူး၊ တည့်တည့်ပစ်ဖို့" လို့ ကြုံးဝါးခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင် တစ်ဦးရဲ့ တိုင်းပြည်ကတော့ ကမ္ဘာ့အဆင်းရဲဆုံးတိုင်းပြည်အဖြစ် အောက်တန်း နောက်တန်းကျတဲ့အခြေအနေကိုရောက်သွားရတာ၊ ဘုရင်ဆေဂျုံးရဲ့ ခံယူချက်နဲ့ ယှဉ်ကြည့်မိတော့ ဆန့်ကျင်ဘက်အခြေအနေမို့ ဒီလိုရလဒ်ပဲ ထွက်မယ်ဆိုတာ ခန့်မှန်းမိပြီး မဆန်းသလိုခံစားရပါတယ်။

ယနေ့ညနေ ကျောင်းကအပြန်မှာတော့ ခေတ်မီဖွံ့ဖြိုးနေတဲ့ တောင်ကိုရီးယားနိုင်ငံအတွက် အားကျဂုဏ်ယူမှုနဲ့ မုဒိတာဖြစ်ရသလို ခေတ်နောက်ကျမွဲတေနေတဲ့ ကိုယ့်နိုင်ငံနဲ့ ကိုယ့် ပြည်သူတွေအတွက်လည်း သိမ်ငယ်ဝမ်းနည်းသလို ခံစားခဲ့ရတဲ့အတွက် "ငါ့နိုင်ငံမှာလည်း ငါ့ပြည်သူကိုချစ်တဲ့ ဆေဂျုံးလိုဘုရင်မျိုး မွေးဖွားပေါ်ပေါက်နိုင်ပါစေ"လို့ အဆောင်အပြန် လမ်းတစ်လျှောက်မှာ တစ်ယောက်တည်း ဆုတောင်းဆန္ဒပြုနေမိပါတော့တယ်။

The duty of the King is to love his people. တဲ့..။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်တစ်ဘဝလုံး အမှတ်ရနေမယ့် ဒီစကားတစ်ခွန်း ဒီနေ့မှတ်သား ခွင့်ရခဲ့လို့ ကျေနပ်ဖွယ်ကောင်းတဲ့ နေ့လေးတစ်ရက်တော့ ဖြစ်ခဲ့ရကြောင်းပါခင်ဗျား။

■

mgyoe.com

mgyoe.com


## ဂန်းနန်းဆေးရုံ အတွေ့အကြုံ

၂၀၁၄ ခုနှစ် စက်တင်ဘာလ ၄ ရက်၊ ကြာသာပတေးနေ့။

ဆေးရုံဆိုလို့ ခင်မင်သူတွေ ကျွန်တော့်အတွက် စိတ်မပူကြနဲ့နော်။ ကျန်းမာရေးမကောင်းလို့ မဟုတ်ပါဘူး။ ပညာသင်ဆုရတဲ့ ကျောင်းသားတိုင်း မလုပ်မဖြစ်လုပ်ရတဲ့ ကျန်းမာရေးဆေး စစ်ကိစ္စအတွက် ဆေးရုံကို သွားရတာပါ။ ဒီအတွက် မနေ့ည ၈ နာရီကျော်ကတည်းက ဘာမှမစား ထားရပါဘူး။ အစာအိမ်ထဲရှင်းနေမှ ဆေးစစ်တာ ထိရောက်မယ်ဆိုလို့ပါ။ ဆေးစစ်ခံမယ့် ကျောင်းသား ၄၆ ယောက်ကို လေးအုပ်စုခွဲတော့ ကျွန်တော်က Group 3။ ကျောင်းဂိတ်ဝမှာ နံနက် ၈ နာရီ ၅၀ ဆုံဖို့ချိန်းထားလို့ အရောက်သွားရတယ်။ ကျွန်တော်တို့ ရှေ့က နှစ်အုပ်စုသွားနှင့်ပြီဆိုတော့ ပြန်လာကြိုမယ့် ဆေးရုံကကားကို နာရီဝက်လောက် စောင့်ရင်း ဆေးစစ်ပုံစံ ကမေးခွန်းတွေကို ရေးဖြည့်ပေးနေလိုက်တယ်။

မိသားစုထဲမှာ ဖော်ပြထားတဲ့ ရောဂါတွေနဲ့ အသက်ဆုံးရှုံးရတာ ရှိလား။ ရှိ မရှိပေါ့။ ပြီးခဲ့တဲ့ တစ်ပတ်အတွင်းမှာ ဖော်ပြထားတဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး ဆေးသောက်ထားရတာတွေ ရှိ မရှိ။ ဆေးရုံ၊ ဆေးခန်းပြထားတာ ရှိ မရှိတွေပါ။ အမျိုးသမီးတွေအတွက် လစဉ်မှန် မမှန်မေးထားတဲ့ အပိုင်းတွေက ကျွန်တော်နဲ့မဆိုင်လို့ကျော်လိုက်တယ်။ ဆေးလိပ်သောက်လား၊

mgyoe.com

mgyoe.com


သောက်တယ်ဆိုရင် ဆက်မေးထားတဲ့ မေးခွန်းတွေဆက်ဖြေ၊ ကျွန်တော်က မသောက်ပါဆိုတော့ အမှတ်စဉ်နောက်တစ်ခုကို ဆက်သွားပါပေါ့။ နောက် မေးခွန်းက အရက်သောက်သလား၊ ဘယ်လောက်သောက်သလဲ။ ဘယ် လောက်ကြာပြီလဲဆိုတဲ့ မေးခွန်းတွေ။ ဒါလည်း မသောက်ရင် ဖြေဖို့မလို



mgyoe.com

mgyoe.com


ပြန်ဘူး။ ပြီးခဲ့တဲ့ တစ်ပတ်အတွင်းက သွားနဲ့ပတ်သက်ပြီး နာကျင်တာရှိလား။ ဘယ်နှကြိမ်သွားတိုက်သလဲ။ အံကပ်နဲ့ ပတ်သက်ပြီး ဘယ်လိုတွေ ဖြစ်သလဲဆိုတာတွေ ဆက်ဖြေရတယ်။

၉ နာရီခွဲလောက်မှာ ကားရောက်လာလို့ ကျောင်းကနေ စထွက်ခဲ့တာ ဂန်းနန်းဆေးရုံရောက်တော့ ၁၀ နာရီခွဲမို့ တစ်နာရီလောက် ကားမောင်းချိန်ကြာသွားပါတယ်။ လမ်းမှာ ကိုရီးယားရဲ့ နာမည်ကျော်မြစ်ဖြစ်တဲ့ ဟန်မြစ်ကိုဖြတ်သွားရပါတယ်။ မိုးပျံတံတားတွေကလည်း အကွေ့အဝိုက်တွေနဲ့ အထပ်ထပ်ပါပဲ။ ဒါတောင် ယာဉ်ကြောက ပိတ်ချင်လို့ မီးပွိုင့်တွေမှာ နည်းနည်းကြာကြာစောင့်ရပါသေးတယ်။ ကျွန်တော်တို့အဖွဲ့ကို ကြီးကြပ်ပေးဖို့လိုက်လာတဲ့ ကျောင်းသားရေးရာဌာနဝန်ထမ်းက ကိုယ့်နိုင်ငံသူဖြစ်နေလို့ မြန်မာလိုစကား ပြောရတာ အဆင်ပြေသွားရပြန်တယ်။ ကမ္ဘာကျော်တဲ့ ဂန်းနန်းအကကို ကြားဖူးထားလို့ ဆေးစစ်ရမယ့်စာရင်းမှာ Gangnam Hospital တွေ့ကတည်းက အဲဒီဒေသက ဆေးရုံလား ဆိုပြီး မေးချင်နေတာ ခုတော့မေးခွင့်သာသွားရပါတယ်။ ကျွန်တော် ထင်တာမှန်သွားပါတယ်။ ဟန်မြစ်ရဲ့တောင်ဘက်ခြမ်းမှာရှိလို့ ကိုရီးယားဘာသာစကားအရ မြစ်တောင်ဘက်ပိုင်းကို ဂန်းနန်းလို့ ခေါ်တာပါတဲ့။ ပထမတစ်ခေါက် ဆိုးလ်ကိုရောက်တော့ ပြတိုက်တစ်ခုသွား လေ့လာရာမှာ Tour Guide ကောင်လေးရှင်းပြထားတာကို ပြန်အမှတ်ရမိလို့ပါ။ သူ့အပြောအရ ဂန်းနန်းဒေသက တကယ့်ချမ်းသာတဲ့ လူကုံထံတွေနေတဲ့နေရာတဲ့။ (ကျွန်တော်တို့ နိုင်ငံမှာဆို ရွှေတောင်ကြားလိုနေရာမျိုးဖြစ်မလားပဲ) ကိုရီးယားလူငယ်တွေမှာ Gangnam Dream ဆိုတာရှိတယ်တဲ့။ အဲဒီဒေသမှာနေနိုင်အောင်ကြိုးစားကြတာတဲ့။ ကျွန်တော်ကတော့ ဂန်းနန်းမှာ နေဖို့ သွားတာမဟုတ်ပါဘူး။ ဆေးစစ်ဖို့ရောက်ခဲ့ရတာပါ။

ပတ်ဝန်းကျင်မြင်ကွင်း ဘယ်လိုနေသလဲလို့ မမေးပါနဲ့တော့။ ည ၈ နာရီကတည်းက ရေတောင်မသောက်ပဲနေခဲ့ရတာ။ အခု မနက် ၁၀ နာရီခွဲဆိုတော့ ဗိုက်ဟာနေလွန်းလို့ ဘယ်ကိုမှ အာရုံဝင်စားလို့မရပါဘူး။ ဒီကြားထဲ ကျွန်တော့်ဘေးမှာထိုင်တဲ့ "ကင်ညာနိုင်ငံ"က ကလေးလေး ယောက်မိခင် ကျောင်းသူအစ်မကြီးက တစ်လမ်းလုံး ရှုခင်းတွေ ကြည့်လာ

mgyoe.com

mgyoe.com

ပြီး တွေးတွေးဆဆပြောတဲ့စကားကို နားထောင်ပေးရသေးတယ်။ "ဆိုးလ် တစ်မြို့လုံးလမ်းတွေ၊တံတားတွေ၊ကားတွေ၊တိုက်တာအဆောက်အဦတွေနဲ့ ချည်းပဲ။ Farm လည်းမတွေ့ရဘူး။ ဘာတွေစားလဲ မသိဘူးနော်"တဲ့။ ကျွန်တော်လည်း ဘယ်ရမလဲ။ မှန်းကြိတ်တာပေါ့။ ကိုရီးယားက ကျောက် တောင်တွေချည်းပဲလေ။ ဘယ်စိုက်ပျိုးလို့ရမလဲ။ ပင်လယ်ဝိုင်းနေတဲ့ နိုင်ငံ ဆိုတော့ Sea Food ပဲ အဓိကစားမှာပေါ့လို့။ ကျွန်တော် ရမ်းတုတ်လိုက် တာ မဆိုးဘူးဗျ။ မီးပွိုင့်မိလို့ ကားရပ်ချိန် လမ်းဘေးကို သူမက လက်ညှိုးနဲ့ ထိုးပြလို့ ကြည့်လိုက်တော့ အမယ် ... ရေဘဝဲကြီးကို လင်ဗန်းလိုလေးထောင့် စတီးခွက်ထဲ လက်အိတ်နဲ့ ကိုင်ထည့်ပြီး ဆိုင်ကယ် နောက်ခုံမှာ တင်ပြီး ထွက်သွားတာမြင်လိုက်ရတယ်။ သူမက သဘောကျပြီး အော်တိုပက်စ်၊ အော်တိုပက်စ်နဲ့ ရေရွတ်နေလေရဲ့။

ဆေးရုံကတော့ အထပ်မြင့်အဆောက်အဦကြီးပါ။မြေအောက် ထပ်မှာ ကားကိုပါကင်ထိုးတော့ ဆင်းလိုက်ကြပြီး ၁၁ ထပ်မြောက်ကို ဓာတ်လှေကားနဲ့တက်ခဲ့ကြတယ်။ ရှေ့က ရောက်နှင့်နေတဲ့ ကျောင်းသား တွေနဲ့ဆုံမိကြတယ်။ တချို့ကတော့ ဆေးစစ်ပြီးသွားကြပြီ။ ဆေးရုံယူနီ ဖောင်းဝတ်ထားတဲ့ ကိုရီးယားသူ ဆေးရုံဝန်ထမ်းတစ်ဦးက ကျွန်တော်တို့ ရှေ့ ဖိုင်တွေတစ်ထပ်ကြီးချပေးတယ်။ ဖိုင်တွေကို ကြည့်လိုက်ပြီး သဘော ပေါက်သွားတယ်။ ကိုယ့်အမည်ပါတဲ့ဖိုင်ကို ရွေးယူဖို့။ ကျွန်တော့် အမည်က ကျောင်းလျှောက်ဖို့ အမည်စရေး သွင်းကတည်းက MIS system မှာ Last Name ကို ရှေ့တင်ရေးခဲ့လို့ HLAING, Aung Zay ဆိုပြီး တောက် လျှောက်ဖြစ်နေတာ။ ပတ်စပို့အမည်မှာတော့ မူရင်း အမည်တိုင်းဖြစ်နေလို့ အခုထိ အဆင်ချောနေသေးတယ်။ ကျွန်တော်တို့ အမည်နဲ့ အာမခံထားတဲ့ နံပါတ်ကို မှန်မမှန် သူမကစစ်ခိုင်းတယ်။ အာမခံ လက်မှတ်က မနေ့ကမှ ရထားတာ။ သိပ်စိတ်မဝင်စားတော့ ကိုယ့်အာမခံ နံပါတ်ကို ဘယ်မှတ်မိ ပါ့မလဲ။ ထုတ်ကြည့်ဖို့ အိတ်ထဲရှာတော့လည်း ဘယ်ချောင်ကပ်နေမှန်း မသိဘူး။ ဒီလိုနဲ့ ဟုတ်တယ်၊ မှန်ပါတယ်ပဲ လုပ်လိုက်တော့တယ်။ (ဒီလို ဆေးစစ်ရင် ကျန်းမာရေးအာမခံသဘောမျိုးလိုအပ်လို့ မနေ့က အစီအစဉ် မှာ အာမခံလက်မှတ်ကို မဖြစ်မနေထုတ်ပေးလိုက်တာ သတိပြုမိသွားတယ်။
mgyoe.com

mgyoe.com

ဒီလိုဆိုတော့လဲ စနစ်တကျ အချိတ်အဆက်မိမိနဲ့ သူတို့စီစဉ်ထားတာပါလားလို့ စီမံခန့်ခွဲမှုကောင်းတာကို ကျိတ်ချီးကျူးမိသွားတယ်)

ဖိုင်ရွေးပြီးတော့ သူမနဲ့ လိုက်ခဲ့ပါဆိုလို့ သူမနောက်ကို ဖိုင်ကိုင်ပြီး လိုက်သွားရတယ်။ လမ်းမှာ အမည်ဘယ်လိုခေါ်လဲမေးတယ်။ "အောင်ဇေ" လို့ပြောတော့ ကိုရီးယားဘာသာနဲ့ ကျွန်တော့်အမည် အသံထွက်ကို ရေးလိုက်တာတွေ့လိုက်တယ်။ အမည်အပြည့်အစုံကို အင်္ဂလိပ်လိုရေးထားပေမယ့် ကိုရီးယားအသံနဲ့ အသံထွက်ရခက်တာရှိနိုင်တာကိုး။ ကျောင်းသားတွေက နိုင်ငံစုံက အမည်ပေါင်းစုံနဲ့လေ။ သော့နှစ်ချောင်းပါတဲ့ စပရိန်ကြိုးတပ် Key Chain ကို ဖိုင်ကတ်အပေါ်မှာ ညှပ်ပေးထားတယ်။ သော့မှာက 48 ဆိုတဲ့ နံပါတ်လေးကပ်ပေးထားတယ်။

သူမက အခန်းတစ်ခုဆီခေါ်သွားပြီး TV screen လိုမှာ ခလုတ်လေးတွေနှိပ်ပြီး ပေါ်လာတဲ့ အမည်နဲ့အာမခံနံပါတ်တွေက ကျွန်တော်ဟုတ်၊ မဟုတ် ကြည့်ခိုင်းတယ်။ မှန်တာ သေချာသွားတော့မှ အခန်းတစ်ခန်းဆီခေါ်သွားပြီး အဲဒီမှာဖိနပ်လဲ၊ အဝတ်အစားလဲဖို့ပြောပါတယ်။ ဖိနပ်ထားတဲ့ locker မှာ ကျွန်တော်ရထားတဲ့ 48 နံပါတ်ကိုရှာပြီး၊ ပေးထားတဲ့ သော့တစ်ချောင်းနဲ့ဖွင့်လိုက်တော့ အထဲမှာ နွေးနေတဲ့ အစိမ်းရောင်ကွင်းထိုး ဖိနပ်တစ်ရံတွေ့လို့ ယူပြီး စီးလိုက်တယ်။ ချွတ်ထားတဲ့ ရှူးဖိနပ်ကိုလည်း အဲဒီထဲထည့်ပြီး သော့ပြန်ပိတ်လိုက်တယ်။ lockerထဲမှာ ဖိနပ်နွေးနေတာကတော့ ပိုးသတ်ထားလို့ဖြစ်မှာပါ။ (ကျွန်တော့်အထင်ပေါ့) ပြီးတော့ အဲဒီအခန်းထဲမှာရှိတဲ့ တခြား locker 48 ကိုရှာပြီး နောက်ထပ်သော့တစ်ချောင်းနဲ့ ဖွင့်လိုက်တယ်။ အထဲမှာ အဝတ်အစား ဝမ်းဆက်တစ်စုံတွေ့လို့ ထုတ်ယူလိုက်ပြီး ဝတ်လာသမျှချွတ်လို့ အဲဒီဝတ်စုံနဲ့ လဲဝတ်လိုက်တယ်။

အင်္ကျီက ခါးမှာ ကြိုးနဲ့ပတ်ချည်ရတာမို့ ဝတ်ပြီး ကိုယ့်ကိုကိုယ်မှန်ထဲကြည့်မိတော့ တိုက်ကွန်ဒိုသမားလိုလို၊ ခါးပတ်နက်ရထားတဲ့ ကရာတေးဒိုသမားလိုလို ပုံစံပေါက်သွားတယ်။ ကိုယ့်ပုံစံကိုယ်ကြည့်ပြီး သဘောကျလို့ ဖုန်းက ကင်မရာနဲ့ ကိုယ့်ဘာသာကိုယ် ဓာတ်ပုံပြန်ရိုက်လိုက်သေးတယ်။ တခြားလူ အကူအညီတောင်းပြီး ရိုက်ခိုင်းဖို့က ဒီအခန်းထဲမှာက
mgyoe.com

mgyoe.com

အဆင်မပြေဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လည်း အဝတ်အစားတွေ ချွတ်လဲနေကြတာဆိုတော့ ကိုယ်တုံးလုံးတွေနဲ့မို့လို့ (ဟဲ ... ဟဲ)။ ပါလာတဲ့ ကျောပိုးအိတ်ကိုလည်း locker 48 ထဲပဲထည့်ပြီးသော့ခတ်ခဲ့တယ်။ ဖုန်းတော့ယူလာခဲ့တယ်။ ဖုန်းနဲ့ အမှတ်တရဓာတ်ပုံရိုက် နိုင်ရုံ သက်သက် အတွက်ပါ။ ဒီနိုင်ငံက ဆင်းကတ်ကိုလည်း ထည့်ထားတာမဟုတ်တော့ ကျွန်တော့်ဟန်းဆက်က ဖုန်းဆက်လို့မရပါဘူး။ wi-fi ရတဲ့နေရာဆိုရင် တော့ အင်တာနက် သုံးလို့ရအောင် ယူခဲ့တာပါ။ အဝတ်အစားလဲပြီးတော့ သူတို့ပေးထားတဲ့ ဖိုင်ကတ်လေးကိုင်၊ locker သော့ key chain စပရိန် ကြိုးလေးကို လက်ကောက်ဝတ်မှာ စွပ်ပြီး ထွက်လာခဲ့တယ်။ (ကိုယ့်ရှေ့က လူတွေ ဘယ်လိုလုပ်လဲ မျက်စိကစားပြီး စူးစမ်းထားလို့ ဒီလိုတွေ အဆင် ပြေနေတာ)

ဆေးရုံအဝတ်အစားနဲ့ အခန်းရှေ့ထွက်လာတော့ ဆေးရုံဝန်ထမ်း အမျိုးသမီးက ဖိုင်ကတ်ကို ဖတ်ကြည့်ပြီး ဘယ်အထပ်ကိုသွားပါဆိုပြီး ဓာတ်လှေကားနေရာကို လိုက်ပို့ပေးပါတယ်။ ကျောင်းသားတစ်ဦးနဲ့တစ်ဦး ဆေးစစ်ခံရတာချင်းမတူပါဘူး။ ဒီမလာမီ ဖြည့်ခဲ့တဲ့ပုံစံမှာ ဖော်ပြထားတဲ့ ကျန်းမာရေးရာဇဝင်ကိုကြည့်ပြီး လိုအပ်တာကို စစ်ပေးတာလို့ ကျွန်တော် ကတော့ ထင်တာပါပဲ။ ဆေးလိပ်သောက်သူဆို အဆုတ်နဲ့ပတ်သက်တာကို စစ်တာမျိုးနေမှာပေါ့။

ကျွန်တော့်ကို ပထမဆုံးစစ်တာကတော့ Ultrasound ပါ။ ဆေးစစ်ရမယ့်အခန်းရှေ့ရောက်ရင် ကျွန်တော်တို့ ကိုင်ထားတဲ့ ဖိုင်ကတ် လေးကို သူတို့ကယူသွားပါတယ်။ အဲဒီဖိုင်ကတ်မှာ ကိုရီးယားလိုရေးထား တဲ့ ဆေးစစ်ပုံစံလေးတွေပါတယ်။ အလှည့်ရောက်ရင် အခန်းပြင်ကို ဖိုင်ကတ်လေးကိုင်လို့ ထွက်လာပြီး "အွန်စေ" ဆိုပြီး ကိုရီးယားအသံထွက်နဲ့ ကျွန်တော့် အမည်ကိုခေါ်တာပါပဲ။ ခေါ်တဲ့သူထံလျှောက်သွားရင် ဒီအမည် ဟုတ်လားဆိုပြီး ဖိုင်ကတ်ကို ထိုးပြလို့ သေချာအောင် ကြည့်ခိုင်းတယ်။ လုပ်သင့်တာပေါ့။ ကိုယ့်ကိုစစ်ထားတဲ့ ဆေးစစ်ချက်ကို တခြားသူတစ်ဦးရဲ့ မှတ်တမ်းမှာ လွဲပြီးရေးသွင်းမိရင် စစ်ထားတဲ့ရလဒ်တွေက အကုန်မှားမှာ ပေါ့။ ကျွန်တော့်မှတ်တမ်းဆိုတာ ဟုတ်ပါတယ်၊ မှန်ပါတယ်ဆိုမှ အခန်းထဲ

mgyoe.com

mgyoe.com



ကို ခေါ်သွားတာ။ ဒါက ဆေးစစ်တဲ့အခန်းတိုင်းမှာ ပြုလုပ်နေကြ ပုံစံတူ လုပ်ငန်းစဉ်ပါပဲ။

ကျွန်တော် အခန်းထဲဝင်လိုက်လို့ ပထမဆုံးတွေ့ရတာက အမျိုးသမီးဆရာဝန်တစ်ဦး။ ခုတင်ပေါ်တက်ဆိုလို့ တက်ပြီးပက်လက်လှန်တော့ အင်္ကျီချွတ်ဆိုတာနဲ့ ခါးမှာစည်းထားတဲ့ ကြိုးလေးဖြေလိုက်ရုံနဲ့ အိုကေသွားတယ်။ အဲယားကွန်းဖွင့်ထားတော့ ဟာလာဟင်းလင်း ရင်ဘတ်က အေးလိုက်တာ။ ဆေးမစစ်မီ ကျန်းမာနေတာ။ ဆေးစစ်မှ ရင်ဘတ် အအေးမိပြီး အဆောင်ပြန်ရောက်ရင် ချောင်းဆိုးနေဦးမလားလို့ ဖြတ်ခနဲတွေးပူလိုက်သေးတယ်။ (ဟုတ်တယ်လေ၊ ရေမြေခြားမှာ တစ်ဦးတည်းနေရတာဆိုတော့ ချောင်းဆိုးတာလောက်လည်း ပူရတော့မယ်ပေါ့)

ရင်ဘတ်ကို ဆေးတွေလူးပြီး deep breath ပြောရင် အသက်ကိုပြင်းပြင်းရှူပေးလိုက်တယ်။ relax လို့ပြောရင် အသက်ရှူသွင်းထားတာကို ပြန်ထုတ်လိုက်တယ်။ ထပ်ပြောရင် ထပ်လုပ်။ ဟိုဘက်လှည့် ဆိုလှည့်။ ဒီဘက်လှည့်ဆိုလှည့်။ လက်နှစ်ဖက်ခေါင်းပေါ်တင်ထား ဆိုတင်လိုက်။ အားလုံးအဆင်ပြေပါတယ်။ (မျက်လုံးစုံမှိတ်ထားလို့ ကိုရီးယား ဆရာဝန်မလေး မျက်နှာကိုတော့ မမြင်ရဘူးပေါ့၊ ဟဲ ... ဟဲ) ရပြီဆိုတော့ ဗိုက်ပေါ်တင်ပေးတဲ့ တစ်ရှူးနဲ့ လိမ်းထားတဲ့ဆေးတွေကို ကိုယ့်ဘာသာသုတ်။ ပြီးတော့ သုတ်ပြီးသားတစ်သျှူးကို အမှိုက်ပုံးထဲထည့်။ အင်္ကျီကြိုးကိုပြန်စည်း။ သူမပေးတဲ့ဖိုင်ကိုင်ပြီး အခန်းပြင်ပြန်ထွက်လာတော့ စောင့်ကြိုနေတဲ့ ဝန်ထမ်းက waiting room ကိုခေါ်သွားပြီး ခဏစောင့်ဖို့ပြောပါတယ်။ ဖိုင်ကိုတော့ယူသွားတယ်။ ၁၀ မိနစ်လောက် တီဗွီကြည့်ရင်း ထိုင်စောင့်နေရတုန်း အတူရှိနေတဲ့ ဥဇဘတ်ကစ္စတန်ကကျောင်းသားကို အကူအညီတောင်းပြီး ဓာတ်ပုံရိုက်ပေးဖို့ပြောရတယ်။ သူလည်းစိတ်ကြိုက်ချိန်ပြီး သေချာအောင် သုံးလေးပုံလောက်ရိုက်ပေးတယ်။ အခုထိ တွေ့ကြုံသမျှ နိုင်ငံစုံက ကျောင်းသားတိုင်း ပြုံးပြုံးရွှင်ရွှင်ဖော်ဖော်ရွေရွေနဲ့ အပြန်အလှန် ကူညီကြတာပဲ ကြုံရတယ်။ (ကျွန်တော့်ကို ဓာတ်ပုံရိုက်ပေးလို့ ဒီလိုပြောတာ မဟုတ်ပါဘူး) နားလည်မှုရှိကြတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ အားလုံး KDI School Family Members တွေဖြစ် သွားကြပြီဆိုတဲ့ အသိလေး

mgyoe.com

mgyoe.com

တွေ ခံယူထားကြလို့လည်းဖြစ်မှာပါ။

ကျွန်တော့် အမည် မပီကလာပီကလာနဲ့ ခေါ်သံကြားလို့ခေါ်တဲ့ ဝန်ထမ်းနဲ့အတူအခန်းတစ်ခုဆီလိုက်သွားရတယ်။ အခန်းရှေ့မှာ ကျွန်တော့်ကို ထိုင်စောင့်ခိုင်းပြီး သူမက ဖိုင်ကိုင်ပြီး အထဲကိုဝင်သွားတယ်။ အပြင်မှာ ခဏထိုင်စောင့်ရင်း ပါကစ္စတန်က ကျောင်းသားတစ်ဦး (သူက ဘဏ္ဍာရေးဝန်ကြီးဌာနက လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးပါ)၊ တရုတ်က ကျောင်းသူတစ်ဦး (သူမက နိုင်ငံခြားရေးဝန်ကြီးဌာနကပါ)တို့နဲ့ course registration လုပ်ခဲ့တဲ့အကြောင်းတွေပြောရင်းနဲ့ ကျွန်တော်တို့ G20 ကျောင်းသားတွေ ဒီ semester မှာ ယူဖို့မလိုတဲ့ ဘာသာရပ်အကြောင်းဆီရောက်သွားတော့မှ အဲဒီကိစ္စ ကျွန်တော်မသိသေးမှန်း သိရတော့တယ်။ အဲဒီကိစ္စရှင်းပြတုန်းက ကျွန်တော့်အတွက် ပွဲဦးထွက်အလွဲနေ့မို့ ကျွန်တော်အိပ်ရာထနောက်ကျပြီး လွတ်သွားတဲ့အချိန် ရှင်းပြခဲ့တာတွေကို အခုလိုသူတို့တစ်ဆင့် ပြန်ပြောပြမှ ကျွန်တော် သိခွင့်ရပြီး အကျိုးရှိသွားရတယ်။

ကျွန်တော့်အမည်ခေါ်တော့ အခန်းထဲဝင်သွားလိုက်တယ်။ လုပ်ရိုးလုပ်စဉ်အမည်မှန်၊ မမှန်အရင်စစ်တာပေါ့။ ဆရာဝန်က လက်တစ်ဖက်မှာလက်ညှိုးချောင်းလောက်ရှိတဲ့ အထုပ်လေးကိုင်ထားတယ် (Coffee mate အထုပ်လေးနဲ့ ပုံစံဆင်တူပါတယ်) လက်တစ်ဖက်က စက္ကူခွက်အသေးလေးတစ်လုံးကိုင်ထားတယ်။ အထုပ်လေးကိုဖောက်ပြီး အရင်ဆုံး ပါးစပ်ထဲထည့်၊ ပြီးရင် ဒီခွက်ထဲက အရည်ကိုကုန်အောင်သောက်လို့ နှစ်ကြိမ်တိုင်တိုင်ပြောပြပြီး ကျွန်တော့်လက်ထဲထည့်ပေးတယ်။ "စမယ်" လုပ်တော့မှ အရည်ကိုအရင်သောက်ခိုင်းလို့၊ ဒီအထုပ်က အရင်မဟုတ်ဘူးလား ပြန်မေးတော့မှ "ဟုတ်တယ်၊ ဟုတ်တယ်၊ မှားသွားလို့"တဲ့။ လူကအရင်ထဲက ဒီစမ်းသပ်မှုအတွက် ရင်ခုန်နေပါတယ်ဆိုမှ သူကမှားနေလို့ စိတ်ပိုလှုပ်ရှားသွားရတယ်။ ဒီစမ်းသပ်မှုက လူပြောများတဲ့ စမ်းသပ်မှုပါ။ ဆေးလောကနဲ့ မရင်းနှီးလို့ အတိအကျတော့ မပြောတတ်ဘူး။ ဝမ်းဗိုက်ပိုင်းကို စစ်တာဆိုတော့ abdomen test လို့ပြောရမလား။ ဆေးတွေသောက်ရပြီး ဗိုက်ကိုစမ်းသပ်တာ။ ဒါနဲ့လက်ညှိုးလောက်အိတ်ကလေးကို ခေါင်းမော့ပြီး ပါးစပ်ထဲလောင်းထည့်လိုက်တော့ အားပါးပါး၊လျှာပေါ်မှာအဖြူရောင် crystal
mgyoe.com

mgyoe.com

အတုံးလေးတွေက ငန်ကျိုကျိုချဉ်တင်တင် အရသာမျိုးနဲ့အရည်ပျော်သွား သလိုခံစားလိုက်ရတယ်။ တစ်ဖက်က ကိုင်ထားတဲ့ခွက်ကို "သောက် ... သောက်" ဆိုပြီး ဆရာဝန်က အမြန်သောက်ခိုင်းလို့ မော့ချလိုက်တော့ ကော်ရည်လို အရည်ကြည်ကြည်ချွဲချွဲက လည်ချောင်းထဲ ညှီတီတီအနံ့နဲ့ စီးဝင်သွားတယ်။ "လက်ထဲက ဘူးခွံနဲ့ အိတ်ခွံကို အမှိုက်ခြင်းထဲထည့် လိုက်" လို့ သူကပြောပြီး "ဘယ်လိုနေလဲ၊ အဆင်ပြေလား၊ အန်ချင်လား" တဲ့။ "အိုကေပါတယ်"လို့ ပြန်ပြောလိုက်တယ်။ (တချို့က ဒီအဆင့်မှာ အန်တာတို့၊ အဆင်မပြေတာတို့ရှိကြလို့တဲ့)

"နေလို့အဆင်ပြေတယ်ဆိုရင်... အွန်စေ ... ဒီအခန်းထဲဝင်" ဆိုပြီး မှန်အလုံကာထားတဲ့အခန်းတစ်ခုထဲ ကျွန်တော့်လက်ကို ဆွဲခေါ်သွားပြီး စက်တစ်ခုပေါ်မှာ မတ်တပ်ရပ်ခိုင်းတယ်။ ရပ်ရမယ့်ပုံစံကို ပြင်ပေးတယ်။ ပြီးတော့ ညာဘက်လက်ထဲ နောက်ထပ် စက္ကူခွက်အသေးတစ်လုံးထပ် ထည့်ပေးတယ်။ စတွေ့ပြီ။ ဆေးစစ်ဖူးသူတိုင်း ပြောမဆုံးဖြစ်တဲ့ ဒီဆေးရည် သောက်ဖို့အချိန်ကျပြီ။ ခွက်ကိုငုံ့ကြည့်တော့ ဖြူဖြူဆွတ်ဆွတ် သွားတိုက် ဆေးရည်လို အရည်တစ်မျိုးခွက်အပြည့်ဖြည့်ထားတယ်။ "ဒီပုံစံနဲ့အဆင် ပြေတယ်နော်"လို့ ဆရာသမားကမေးပြီး အခန်းတံခါးပိတ်လို့ အပြင်ကို သူကလစ်ထွက်သွားတယ်။ မှန်လုံခန်းထဲက စက်ကြီးပေါ်မှာ ကျွန်တော် တစ်ယောက်တည်း မကြာဘူး။ အခန်းထဲမှာ သူ့ရဲ့အသံက ဟိန်းထွက်လာ တယ်။ "လက်ထဲကခွက်ကို သောက် ... သောက်" တဲ့။ (အခန်းပြင်ကနေ မိုက်ခရိုဖုန်းရှေ့ထိုင်ပြီး ခလုတ်တွေကို လက်နဲ့ထိန်းချုပ်ရင်း ကျွန်တော့်ကို အမိန့်ပေးနေတာပါ) ဒါနဲ့ ဘာမှ မစဉ်းစားတော့ဘဲ မော့ချလိုက်တယ်။ တော်တော်လေးပျစ်တဲ့ အရည်ဆိုတော့ လည်ချောင်းထဲ တစ်ဆို့ဆို့ကြီးနဲ့ ဝင်သွားတယ်။ ဒီအချိန်မှာ စက်မောင်းလိုက်လို့ စက်အော်သံသဲ့သဲ့ကို ကြား လာရတယ်။ "ခွက်ကိုရှေ့က အမှိုက်ခြင်းထဲထည့်လိုက်" ဆိုလို့ ပစ်ထည့် လိုက်တယ်။ အဲ့ဒီအချိန်မှာ ကျွန်တော့်ခန္ဓာကိုယ်က မြောက်တက်လာတယ်။ ပက်လက်အနေအထားရောက်တော့ ထိပ်မှာမှန်ဘီလူးလို ကိရိယာတပ် ထားတဲ့ စက်ရုပ်လက်တံတစ်ခု အပေါ်ကနေ ကျွန်တော့်ဗိုက်ပေါ် ဆင်းလာ ပြီး ဟိုနေရာ ဖိလိုက် ဒီနေရာ ဖိလိုက်လုပ်တော့တာပါပဲ။ ဒီအချိန်မှာ deep
mgyoe.com

mgyoe.com


breath တို့၊ relax တို့အသံတွေ အခန်းနံရံကနေထွက်လာလို့ အဲ့ဒီအတိုင်း လိုက်လုပ်ရတယ်။ (တစ်ခါတစ်ခါ ဖိလိုက်တာက တော်တော်လေး ဖိထားလို့ ဒီအချိန် လျှပ်စစ်မီးပျက်သွားပြီး ဒီလက်တံကြီး ပြန်မကြွနိုင်ရင် ပြဿနာလို့ ကိုယ့်နိုင်ငံက လျှပ်စစ်မီး အခြေအနေကို သတိရပြီးစိတ်ပူမိသေးတယ်) သူ့ဘက်လှည့်ပါဆိုလို့ ပက်လက်အနေအထားကနေ ညာဘက်ကိုစောင်း လိုက်မှ အခန်းရဲ့အပြင်ဘက် စက်ခလုတ်ခုံမှာ ဆရာသမားက မောင်းတံ တွေကို လက်နှစ်ဖက်နဲ့ကိုင်ပြီး စက်ရုပ်တစ်ခုကို ထိန်းနေတဲ့ ပုံစံမျိုးနဲ့ ear phone နားမှာတပ်၊ မိုက်ခရိုဖုန်းရှေ့မှာထားပြီး ကျွန်တော့်ကို command ပေးနေတာ မှန်ပေါက်လေးကနေ လှမ်းမြင်လိုက်ရတယ်။ တစောင်း နေရင်းမှ ခါးနေရာကို ခုန စက်ရုပ်လက်တံကကျလာပြီး ဟိုဖိ၊ ဒီဖိ။ပြီးတော့ ဘယ်ဘက်ကို ပြန်စောင်း။ ဟိုဒီဖိ ပက်လက်ပြန်နေ။ ကင်မရာပုံစံလို နောက်ထပ်လက်တံတစ်ခု ရင်ခေါင်းတည့်တည့်ကို လာထပ်ဖိ။ ပြီးတော့ ပက်လက်ကနေ မတ်တပ်အနေအထားကို စက်က ပြန်မတ်လာအောင်လုပ် ပေးပြီး မတ်တပ်အနေအထားနဲ့ ကျွန်တော့်ဗိုက်နဲ့ ခါးနေရာတွေ ကိုထပ်ဖိ ပြန်တာပါပဲ။ တော်တော်လေးတော့ ကြာတယ်။ သေချာအောင် အထပ်ထပ် ရိုက်နေတာဖြစ်မယ်။ ကျွန်တော်ကတော့ ကိုယ့်အကြောင်းကိုယ်သိပြီးသား လေ။

နေပြည်တော် ခတင်(၁၀၀၀)မှာ သားသမီးမရလို့ ဆေးစစ်တုန်း က Ultrasound ရိုက်နေချိန် ဆရာဝန်က အထပ်ထပ်ရိုက်ရင်း မေးခွန်း တစ်ခုမေးတယ်။ "ရှင့်မှာညာဘက် ကျောက်ကပ်တစ်ခုမရှိတာသိလား"တဲ့။ တော်တော်အံ့သြသွားတယ်။ ဘယ်သိပါ့မလဲ။ "ခုမတွေ့ရဘူး။ သေချာ အောင်တော့ TV scan ရိုက်ကြည့်ပါ"တဲ့။ ကျွန်တော်လည်း မရိုက်ဖြစ် ပါဘူး။ မွေးရာပါ ကျောက်ကပ်တစ်လုံးမပါလာတာပါ။ ခုလည်း အဲဒီ အတွက် သေချာအောင် ဒီလောက်ရိုက်နေတယ်လို့ ထင်တာပါပဲ။ ပါးစပ်ထဲ တော့ ခုနနောက်ဆုံးသောက်တဲ့ အရည်က နှုတ်ခမ်းဝန်းကျင်မှာ အကြွင်း အကျန်လေးတွေပေကျံပြီး ခဲနေလို့ မာတင်းတင်းလေးဖြစ်နေသလိုခံစားရ တယ်။ ညကတည်းက ဘာမှမစားခိုင်းတာလဲ ဒီအတွက်ကြောင့်ပဲ ဖြစ်မယ်။ အစာရှိရင် အခုသောက်တဲ့ ဆေးတွေနဲ့ ရောသွားနိုင်တယ်လေ။ ကြည့်ရတာ

mgyoe.com